ရေကြေးမှန်

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်၊ သောကြာနေ့။ Friday, 21 July 2023 ၁၁၁၆၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့(ဓမ္မစကြာနေ့)တွင် ကျင်းပမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့(ဓမ္မစကြာနေ့)တွင် ကျင်းပမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၀

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့(ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ် သြဂုတ်လ ၁ ရက်နေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ရှိ ယာယီရှင်းလင်းဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် နေပြည်တော်ကောင်စီနယ်မြေ ဒကွိုဏသီရိမြို့နယ် သဲဖြူကုန်းတော်မြေနေရာတွင် ကိန်းဝပ်စံပယ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားများ နိုင်ငံတော်အဆင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယခုကဲ့သို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

ယနေ့ ဖတ်စရာ

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

စာမျက်နှာ » ၄

မွေးမြူရေးထွက်ကုန် အခြေခံစားသောက်ကုန်ချောထုတ်လုပ်မှုတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာရေး အားပေးဆောင်ရွက်

စာမျက်နှာ » ၈

မီးလောင်မှုအပါအဝင် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ပါက ဆက်သွယ်နိုင်သည့် 191 မိုဘိုင်းလ်အက်ပလီကေးရှင်း

ဆောင်းပါး စာမျက်နှာ » ၁၇

ကြေးမုံ

ကမ္ဘာကြီးပူနွေးလာမှုကိုလျှော့ချ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင်ပါဝင်

ယနေ့ကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲလာခြင်း အခြေခံအကြောင်းသည် သဘာဝပတ်ဝန်းကျင်ပျက်စီးလာရာမှ ကမ္ဘာကြီးပူနွေးလာခြင်းဖြစ်သည်။ နောက်ဆက်တွဲအနေဖြင့် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်းများ ဖြစ်ပေါ်လာပြီး သက်ရှိလူသားများအားလုံး သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့လာသည်။ လက်ရှိတွင် ကမ္ဘာပေါ်ရှိအချို့ဒေသများ၌ မိုးခေါင်ပူပြင်းခြောက်သွေ့ခြင်းနှင့် ကြုံတွေ့နေပြီး အချို့ဒေသများတွင် မုန်တိုင်းနှင့် ရေကြီးရေလျှံခြင်းများ ကြုံတွေ့နေရသည်။

ကမ္ဘာကြီးတွင် အပူဒဏ်ကြောင့် နှစ်စဉ်လူသိန်းနှင့်ချီပြီး သေဆုံးနေသည်ကို သတိပြုမိကြမည်မဟုတ်ပေ။ ဥရောပတွင် ၂၀၂၂ ခုနှစ်က အပူဒဏ်ကြောင့် လူခြောက်သောင်းကျော် သေဆုံးခဲ့သည်။ ယခုနှစ်တွင်လည်း အပူဒဏ်ကို ဆိုးဆိုးရွားရွားခံစားနေရသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းသည် ကမ္ဘာ့လူသားများအတွက် ကြီးမားသောခြိမ်းခြောက်မှုဖြစ်ပြီး စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ပါသည်။ ယခုကဲ့သို့ အပူချိန်များမြင့်တက်လာခြင်းသည် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုဖြစ်ပြီး ကမ္ဘာပေါ်ရှိနိုင်ငံများအနေဖြင့် သတိပြုပြင်ဆင်ထားရန် ကုလသမဂ္ဂက သတိပေးထားသည်။

အယ်လ်နီညိုဖြစ်စဉ်သည် အလွန်ပူနွေးခြောက်သွေ့သည့် ဖြစ်စဉ်တစ်ခုဖြစ်ပြီး အလွန်ပူနွေးသောရေများသည် ပစိဖိတ်သမုဒ္ဒရာမျက်နှာပြင်ပေါ်တက်လာပြီး လေထုအတွင်း အပူရှိန်များထုတ်လွှတ်လိုက်ခြင်းဖြစ်သည်။ ကမ္ဘာပေါ်ရှိ အချို့ဒေသများတွင် မိုးပိုလာပြီး အချို့ဒေသများ၌ မိုးခေါင်၍ အပူလှိုင်းများ မြင့်တက်လာသည်။ လက်ရှိတွင် ဥပရောပတိုက်တစ်ခွင်၌ အပူချိန်များမြင့်တက်နေပြီး အီတလီ၊ ဂရိ၊ စပိန်စသည့် ဥရောပနိုင်ငံများ၌ ပြီးခဲ့သည့်ရက်များက အပူချိန် ၄၇ ဒီဂရီဆဲလ်စီးရပ်စ်အထိဖြစ်လာခဲ့သည်။ ဆက်လက်၍လည်း အပူချိန်များမြင့်တက်လာ ပြီး တောမီးလောင်ခြင်း၊ အပူဒဏ်ခံရခြင်းများကို ပြင်းထန်စွာခံစားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နွေရာသီတွင် အပူဒဏ်ကို ၄၅ ဒီဂရီစင်တီဂရိတ်အထက် ခံစားခဲ့ကြရပြီး ယခုမိုးရာသီတွင် မိုးသည်းထန်မှုနှင့် အချို့ဒေသများတွင် ရေကြီးရေလျှံမှုများ ကြုံတွေ့နေသည်။ ကမ္ဘာ့အပူချိန်မြင့်တက်မှုဒဏ်ကိုလည်း အခြားနိုင်ငံများနည်းတူ ခံစားကြရဦးမည်ဖြစ်သည်။ ပညာရှင်များတွက်ချက်မှုအရ စက်မှုခေတ်လွန်ကာလများတွင် အပူချိန် ၁ ဒသမ ၄ ဒီဂရီဆဲလ်စီးရပ်စ် ပိုမိုပူနွေးလာပြီး သက္တရာဇ် ၂၁၀၀ ပြည့်နှစ်အရောက်တွင် အပူချိန် ၂ ဒသမ ၇ ဒီဂရီဆဲလ်စီးရပ်စ်အထိ ပိုမိုပူနွေးလာမည်ဟု အသိပေးထားသည်။ ထို့ကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နိုင်ငံတိုင်းက အပူချိန်မြင့်တက်စေသည့် ကာဗွန်လျှော့ချရေးကို ဦးစားပေးလုပ်ဆောင်လာကြသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် အပူလှိုင်းဖြတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်း၊ ငလျင်လှုပ်ခြင်းစသည်တို့ကို ကြုံတွေ့လာပြီး ရေခဲတောင်များ အရည်ပျော်ကျလာခြင်းကြောင့် ပင်လယ်ရေများ မြင့်တက်လာသည်။ အပူချိန်မြင့်တက်လာသောကြောင့် ပင်လယ်ရေနွေးစီးကြောင်းများ ပိုမိုပူပြင်းလာပြီး အပူဒဏ်ကို ဒေသအနှံ့ခံစားနေကြရသည်။ ထို့အပြင် ဧဝေမျိုးစုံမျိုးကွဲများ၏ နေရင်းဒေသများ ပျက်စီးလာခြင်း၊ ဆိုးရွားသောရာသီဥတုဖြစ်စဉ်ကြောင့် အစားအစာနှင့် သောက်သုံးရေရှားပါးခြင်းများကို ကြုံတွေ့လာရသည်။

သစ်တောပြုန်းတီးမှု၊ လေထုညစ်ညမ်းမှု၊ စက်ရုံအလုပ်ရုံများနှင့် လောင်စာဆီသုံးမော်တော်ယာဉ်များ တိုးပွားလာခြင်းတို့သည် ကမ္ဘာကြီးပူနွေးလာမှုအကြောင်းများဖြစ်သည်။ ယင်းတို့ကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံးက လျှော့ချဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေကြသည်။ သာဓကအားဖြင့် ကမ္ဘာ့နိုင်ငံများအားလုံးသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နှစ်စဉ်တိုးပွားနေသော လောင်စာဆီသုံးမော်တော်ယာဉ်များကို လျှော့ချထုတ်လုပ်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုသည့် လျှပ်စစ်သုံးမော်တော်ယာဉ်များ တိုးမြှင့်ထုတ်လုပ်သုံးစွဲနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်နေကြသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော စက်သုံးဆီအသုံးပြုယာဉ်သုံးစွဲမှုမှာ နှစ်စဉ်မြင့်မားလျက်ရှိပြီး စွေးကွက်ပင်ကြီးကြီးမားမားဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံတော်အစိုးရက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံခြားငွေသုံးစွဲမှု နှစ်စဉ်မြင့်မားနေမှုကို လျှော့ချနိုင်ရန် လျှပ်စစ်သုံးမော်တော်ယာဉ်စီမံကိန်းကို အကောင်အထည်ဖော်နေသည်။ သို့သော် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မည့် စက်သုံးဆီအစားထိုး လျှပ်စစ်မော်တော်ယာဉ် အသုံးပြုမှုတွင် စိတ်ဝင်စားမှုနည်းပါးနေသေးသည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် ကမ္ဘာကြီးကို ခြိမ်းခြောက်နေသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို သတိမူ၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် အားလုံးပါဝင်ဆောင်ရွက်နိုင်အောင် ယခုအချိန်ကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်သည်ကို သတိမူကြရမည်ဖြစ်ပါကြောင်း။ ။

သုံးခွမြို့၌ သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုများပေးအပ်

သုံးခွ ဇူလိုင် ၂၀

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးချေးငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများသို့ သွင်းအားစုပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်က အဖွင့်အမှာစကားပြောပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အေးက သွင်းအားစု ထောက်ပံ့ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်း ၁၁ သင်းမှ အသင်းသား ၂၂၃ ဦး၏ လယ်ဧက ၂၀၅၀ အတွက် ငွေကျပ်သန်း ၄၁၀ နှင့် ညီမျှသော သွင်းအားစုများဖြစ်သည့် မြေဆီများကို တောင်သူများထံ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အခြေခံစားကုန်များ သက်သာသောစျေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချ

ငါးသိုင်းချောင်း ဇူလိုင် ၂၀

ပြည်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးအတွက် အခြေခံစားသောက်ကုန်များ သက်သာသောစျေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချခြင်းကို ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ယနေ့နံနက်၇နာရီက ဆောင်ရွက်ပေးသည်။

ထိုသို့ရောင်းချရာတွင် ငါးသိုင်းချောင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ပြည် ၂၄၀၊ ဆီတစ်ပိဿာလျှင် ငွေကျပ် ၄၄၀၀ နှုန်းဖြင့် ပိဿာ ၁၁၀၊ ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ နှုန်းဖြင့် ပိဿာ၂၀ ၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၅၀ နှုန်းဖြင့် အလုံး ၆၀၀ တို့ကို ပြည်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးနှင့် ကုန်စျေးနှုန်း တည်ငြိမ်ကျဆင်းရေးအတွက်ရည်ရွယ်၍ စျေးနှုန်းလျှော့ချကာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံ သတင်းစာတွင် ကြော်ငြာစို့

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက် ၂၀-၇-၂၀၂၃

ကုမ္ပဏီအမည်	အဖွင့်စျေး (ကျပ်)	အပိတ်စျေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၂၀၀	၈,၂၀၀	၁	၈,၂၀၀
MTSH	၂,၈၀၀	၂,၈၅၀	၃,၁၂၉	၉,၁၂၄,၇၅၀
MCB	၇,၁၀၀	၈,၀၀၀	၂၈၆	၂,၁၂၉,၆၀၀
FPB	၁,၅၅၀	၁,၅၅၀	၃၉၀	၅၈၆,၇၀၀
TMH	၂,၅၅၀	၂,၄၅၀	၆၀၉	၁,၅၄၆,၃၀၀
EFR	၂,၃၅၀	၂,၄၅၀	၁၅၅	၃၆၄,၇၅၀
AMATA	၄,၉၀၀	၄,၉၀၀	၈	၃၉,၂၀၀
MAEX	၁,၇၀၀	၁,၇၅၀	၁၆,၀၂၅	၂၇,၅၄၃,၈၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	ဦးစိုးစိုးနိုင်	အကြီးတန်း	ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အင်ယိတန်း သတင်းထောက်များ	ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်မြသီတာနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၃)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၅၄ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

ရှေ့ဖုံးမှ

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပစွာတည်ရှိနေမှုကို ကမ္ဘာသို့ပြသရန်၊ မြန်မာနိုင်ငံကို ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့် မွန်မြတ်သည့် စိတ်ရင်းစေတနာတို့ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘူမိနက်သန်နေရာသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ကျေးရွာအနီး စကျင်တောင်တော်ဖြစ်ပြီး မူလ စကျင်ကျောက်တုံးကြီးကို Anglo Mining Co.,Ltd လုပ်ကွက်အတွင်းမှ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် တွေ့ရှိခြင်းဖြစ်ကြောင်း၊ **ကုမ္ဗဏီပိုင်ရှင်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်အလို့ငှာ ရွှေဖောင်ဒေးရှင်းသို့ လျှုဒါန်းခဲ့ရာ ရွှေဖောင်ဒေးရှင်းမှတစ်ဆင့် လုပ်ဆောင်နိုင်မည့် စွမ်းဆောင်ရည်နှင့် လူစွမ်းအား အရင်းအမြစ်များစွာ ပြည့်စုံမှုရှိသည့် တပ်မတော်သို့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်တည်ဆောက် တည်ထားကိုးကွယ်နိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း**၊ ထို့အတူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရန် မြေနေရာ ၂၂၈ ဧကကိုပါ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း။

တပ်မတော်အနေဖြင့် ထိုသို့လွှဲပြောင်းလက်ခံရရှိခဲ့ပြီး စကျင်ကျောက်တော်ကြီး၏ အခြေအနေကို အသေးစိတ်လေ့လာနိုင်ရန် တပ်မတော်မှ တာဝန်ရှိအဖွဲ့များသည် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် သွားရောက်ကြည့်ရှုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖြစ်မြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းစဉ် ၈ ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

ဆုံးဖြတ်ခဲ့

၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် စကျင်ကျောက်တော်ကြီးကို တူးဖော်ထုတ်လုပ်ခြင်း၊ ဒီဇင်ဘာလတွင် ထုဆစ်ရန်ဆင်းတုတော် လေးဖက်ရိုက်ပုံစံ ဖြတ်တောက်ခြင်း၊ ၂၀၁၉ ခုနှစ် မတ်လတွင် လေးဖက်ရိုက်ပုံစံ ဖြတ်တောက်ပြီးစီးမှုအပေါ် ဆင်းတုတော်အချိုးမှန်တွက်ချက်ပြီး စကျင်ကျောက်တော်ကြီးအား ဗုဒ္ဓရုပ်ပွားတော် အပိုင်း လေးပိုင်းခွဲခြား ထုဆစ်ရခြင်း၊ ပလ္လင်တော် သီးသန့်အတွက် အပိုင်း ငါးပိုင်းခွဲ၍ ထုဆစ်ရန်သတ်မှတ်ခြင်း၊ အပိုင်းလိုက် စကျင်ကျောက်တော်များ အပိုင်းလိုက်ခွဲ၍ သယ်ဆောင်ခြင်းများ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း။

တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ ၂၁ လအကြာ ဆောင်ရွက်ခဲ့ပြီး နေပြည်တော်သို့ ပင့်ဆောင်ရေးလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ ရေကြောင်းမှ ပင့်ဆောင်ခြင်း၊ ၂၀၂၁ ခုနှစ် ဧနဝါရီလမှ ဧပြီလအထိ ကုန်းလမ်းကြောင်းမှ ပင့်ဆောင်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော်တွဲဆက်ခြင်း လုပ်ငန်းများကို ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ လည်းကောင်း၊ ဆင်းတုတော်အစိတ်အပိုင်းများ CNC စက်ဖြင့် ထုဆစ်ခြင်းကို ၂၀၂၁ ခုနှစ် စက်တင်ဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ လည်းကောင်း၊ ဆင်းတုတော် အစိတ်အပိုင်းများ တွဲဆက်နေရာချထားခြင်းကို ၂၀၂၂ ခုနှစ် ဧပြီလမှ သြဂုတ်လအထိ လည်းကောင်း၊ ဆင်းတုတော်အပိုင်း ၁၊ ၂၊ ၃ တွဲဆက်ခြင်းကို ၂၀၂၂ ခုနှစ် စက်တင်ဘာလမှ အောက်တိုဘာလအထိ လည်းကောင်း၊ တွဲဆက်ပြီးဆင်းတုတော် အပိုင်း ၁၊ ၂၊ ၃ ကို ပင့်ဆောင်ရန် ဆောင်ရွက်မည့် Gantry Tower Crane ပြင်ဆင်ခြင်းကို ၂၀၂၂ ခုနှစ် ဇွန်လမှ ၂၀၂၃ ခုနှစ် ဧနဝါရီလအထိ လည်းကောင်း၊ Gantry Tower Crane ဖြင့် ပြီးစီးသွားသည့် ဆင်းတုတော်အပိုင်း ၁၊ ၂၊ ၃ ပင့်ဆောင်ခြင်းနှင့် ရတနာပလ္လင်တော်အပေါ်သို့ ပင့်ဆောင်နေရာချထားခြင်းကို ၂၀၂၃ ခုနှစ် ဧနဝါရီ ၂၆ ရက်မှ ၃၁ ရက်အထိ လည်းကောင်း၊ ဆင်းတုတော် အပိုင်း(၄) ပင့်ဆောင်ခြင်းနှင့် ရတနာပလ္လင်တော်ပေါ်သို့ ပင့်ဆောင်နေရာချထားခြင်းကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ လည်းကောင်း၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ဇူလိုင် ၃၁ ရက်အနေကဇာတင် မဂ်လာအခမ်းအနား ဆင်ယင်ကျင်းပခြင်းနှင့်အတူ ကမ္ဘာပေါ်၌ အလေးချိန် အများဆုံးနှင့် ဥာဏ်တော်အမြင့်ဆုံး အုံ့မခန်းဖွယ်ရာ ကျောက်သားစစ်စစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တစ်ဆူကို မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများနှင့် ဗုဒ္ဓဘာသာကိုကြည်ညိုလေးစားကိုးကွယ်ကြသည့် ကမ္ဘာနိုင်ငံများရှိ ဗုဒ္ဓဘာသာဝင်များ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုဆိုင်ရာ တည်ဆောက်ရေး အသိပညာ၊ အတတ်ပညာများကို လေ့လာလိုကြသည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ လေ့လာရေးသုတေသီများ ဖူးမြော်ကြည်ညိုကုသိုလ်သဒ္ဓါပွားများခြင်းနှင့် လေ့လာခွင့်များရရှိလာမည်ဖြစ်ကြောင်း။

ကျောက်စာရုံစေတီ ၇၂၀

အလားတူ **ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားရှင် ၄၅ ဝါပတ်လုံး ဟောကြား ဆိုဆုံးမတော်မူခဲ့သည့် ဝိနည်း၊ အဘိဓမ္မာနှင့် သုတ္တန် ဒေသနာတော်များ ကမ္ဘာတည်သရွေ့ မပျက်စီးဘဲ ကမ္ဘာ့ဗုဒ္ဓသာသနာ့**ကြောင်း။

ယခုလို ပြည်ပ ပညာရှင် တစ်ဦး တစ်ယောက်မျှမပါဘဲ မြန်မာနိုင်ငံသား အင်ဂျင်နီယာ ပညာရှင်များဖြင့်သာ ဆောင်ရွက်နိုင်မှုကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်အတူ ဗုဒ္ဓဥယျာဉ်တော်ကြီးတစ်ခု အုံ့မခန်းဖွယ်ရာ ပေါ်ပေါက်လာမှုကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်ဘုရားဒါယကာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် ၂၀၂၃ ခုနှစ် ဇွန် ၂၉ ရက်တွင် သာသနာရေးဆိုင်ရာ သာသနာနုဂ္ဂဟဘဏ္ဍာတံဆိပ်ရဝုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ဗဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေး အော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်းကုမ္ဗဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း ၂၈၀ တို့အားလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဇူလိုင် ၁၆ ရက်တွင် ယာယီသမ္မတဦးမြင့်ဆွေ၊ နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးသိန်းစိန်အပါအဝင် အငြိမ်းစား အရာရှိကြီးများနှင့် ဧနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တပ်မတော်အရာရှိကြီးများနှင့် ဧနီးများ စုစုပေါင်း ၅၁ ဦးတို့အား စကျင်ကျောက်တုံးတော်ကြီး စတင်တွေ့ရှိမှု၊ တူးဖော်မှုမှစ၍ ဗုဒ္ဓါဘိသေက အနေကဇာတင် မဂ်လာအခမ်းအနား ပြုလုပ်မည့် အချိန်အထိ ဦးဆောင်ဘုရားဒါယကာ ကိုယ်တိုင်ဦးစီးလျက် လုပ်ငန်းတာဝန်ရှိသူ အဆင့်ဆင့်တို့၏ စနစ်တကျစီမံဆောင်ရွက်မှုအပေါ် ရှင်းလင်းပေးခဲ့ရာ တက်ရောက်လာသည့် ဧည့်ပရိသတ်များကလည်း ရှင်းလင်းပေးမှုအပေါ် အာရုံပြု၍ ကြည်ညိုသဒ္ဓါတရား ထက်သန်မှုများ အရှိန်အဟုန်မြင့်တက်လျက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်တကွ ဗုဒ္ဓဥယျာဉ်တော် တစ်ခုလုံးအတွက် ဘဝနောင်ရေး ကုသိုလ်ယူစိတ်တို့ဖြင့် ပါဝင်လှုဒါန်းမှုပြုကြရာ ပထမအကြိမ်နှင့် ဒုတိယအကြိမ် လှုဒါန်းမှု အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၁၆ ဘီလီယံကျော် ဖြစ်ပါကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်အတူ ဗုဒ္ဓဥယျာဉ်တော် အတွင်းရှိ သာသနိကအဆောက်အအုံများ အတွက် ဗုဒ္ဓါဘိသေက အနေကဇာတင် လှူဒါန်းနှင့် ရေစက်သွန်းချ အမျှပေးဝေမှု မတိုင်မီ လှူဒါန်းရသော အလှူသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပေါ်ပေါက်လာရေးအတွက် ကနဦး လှူဒါန်းကြရသည့် ထူထောင်ကြသူ (Founder)များ ဖြစ်လာကြတော့မည် ဖြစ်ကြောင်း၊ မကြာမီ ကျင်းပသွားမည့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းနှင့် ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်း ရေစက်ချမဂ်လာ အခမ်းအနား ဆောင်ရွက်ပြီးနောက်မှ ကြည်ညိုသဒ္ဓါပွားများစိတ်ဖြင့် လှူဒါန်းမှုကုသိုလ်များမှာ ကုသိုလ်ဆက် အလှူရှင်အဖြစ်သာ ကုသိုလ်ကံအကျိုးတရား ခံစားကြရမည်ဖြစ်ကြောင်းကိုလည်း ခွဲခြား၍ အသိပေးလိုပါကြောင်း။

ရှင်းလင်းပြသပေးမည်

ဆက်လက်ပြီး မြတ်ဗုဒ္ဓ၏ ဘာသာ၊ သာသနာအကျိုးငှာ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများအဖြစ် ရက်ရောစွာ လှူဒါန်းမှုပြုခဲ့ကြ၍ နိုင်ငံတော်အစိုးရ အဆက်ဆက်မှ ဂုဏ်ပြုချီးမြှင့်ခဲ့သည့် ဘာသာရေးနှင့် သာသနာရေးဆိုင်ရာ သာသနာနုဂ္ဂဟ ဘဏ္ဍာတံဆိပ်ရရှိသူများ အနက်မှ ပထမအကြိမ်ရှင်းလင်းပွဲ၌ မပါရှိသူများကိုလည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကမ္ဘာ့ဗုဒ္ဓသာသနာ့စာကြည့်တိုက်အဖြစ် တည်ရှိနေမည့် ကျောက်စာရုံစေတီများ အပါအဝင် ဗုဒ္ဓဥယျာဉ်အတွင်းရှိသာသနိကအဆောက်အအုံများ ဖြစ်ပေါ်လာမှု အဆင့်ဆင့်တို့ကို ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် တွေ့မြင်ခွင့်နှင့် ကြည်ညိုသဒ္ဓါပွားများ နိုင်စေရေးအလို့ငှာ နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက် (တနင်္ဂနွေနေ့)တွင် တတိယအကြိမ် ရှင်းလင်းပြသပေးမည် ဖြစ်ကြောင်းကိုလည်း သတင်းကောင်း ပြောကြားလိုပါကြောင်း။

ထို့ကြောင့် ဆင်းတုတော် ဥာဏ်တော်အမြင့် ၆၃ ပေ၊ ပလ္လင်တော်အမြင့် ၁၈ ပေ စုစုပေါင်း ဥာဏ်တော်အမြင့် ၈၁ ပေနှင့် ဆင်းတုတော်အလေးချိန် ၁၇၈၂ တန်၊ ပလ္လင်တော်အလေးချိန်တန် ၃၅၁၀ စုစုပေါင်း ၅၂၉၂ တန်ရှိသည့် ရတနာပုံခေတ် ဘူမိဖသယပုံစံ ထုဆစ်ထားတော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင် မဂ်လာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြီးမားသော ရည်ရွယ်ချက်ကောင်းများဖြင့် ကမ္ဘာ့ဗုဒ္ဓသာသနာ့စာကြည့်တိုက်အဖြစ် ကျောက်စာရုံစေတီများ ထီးတော်တင်လှူနိုင်ရေးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးခဲ့သည့် သာသနိကအဆောက်အအုံများ ရေစက်ချကုသိုလ်တော် မဂ်လာအခမ်းအနားများ နိုင်ငံတော်အဆင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီ ကိုးခု ဖွဲ့စည်းပေးခဲ့ကြောင်း၊ အခမ်းအနားကျင်းပမည့်ရက် အချိန်နီးကပ်သည့်အတွက် ဆပ်ကော်မတီများ၏ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိမှုများ၊ ဗဟိုကော်မတီမှ ပံ့ပိုးပေးရန်လိုအပ်မှု၊ ဆပ်ကော်မတီအလိုက် ဧာတ်တိုက်လေ့ကျင့်မှုများကို နေ့၊ ည အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။ **စာမျက်နှာ ၄ သို့ »»**

ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် ၄၅ ဝါပတ်လုံး ဟောကြားဆိုဆုံးမတော်မူခဲ့သည့် ဝိနည်း၊ အဘိဓမ္မာနှင့် သုတ္တန် ဒေသနာတော်များ ကမ္ဘာတည်သရွေ့မပျက်စီးဘဲ ကမ္ဘာ့ဗုဒ္ဓသာသနာ့ ဗုဒ္ဓစာကြည့်တိုက်ကြီးအဖြစ် တည်ရှိနေစေရေးအကျိုးငှာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာတော်မူရာ အရပ်မျက်နှာ၌ ဝိနည်းကျောက်စာရုံ စေတီ ၉၆ ဆူ၊ အဘိဓမ္မာကျောက်စာရုံစေတီ ၂၁၆ ဆူ၊ အဘိဓမ္မာကျောက်စာရုံ စေတီ ၂၁၆ ဆူနှင့် သုတ္တန်ကျောက်စာရုံစေတီ ၄၀၈ ဆူ စုစုပေါင်း ကျောက်စာရုံစေတီ ၇၂၀ ကို တစ်ဆူလျှင် ကျောက်စာချပ် နှစ်ချပ်၊ ကျောက်စာ တစ်ချပ်တွင် ပါဠိဘာသာ တစ်ဖက်၊ ရိုမန်ဘာသာတစ်ဖက် ရေးထိုးထားပြီး ၂၀၂၂ ခုနှစ် မတ် ၁၆ ရက်မှ ဇွန် ၃၀ ရက်တွင် တည်ဆောက်ခဲ့ကြောင်း၊ ကျောက်စာချပ်များပေါ်တွင် စာသားရေးထွင်းမှုကို ကွန်ပျူတာထိန်းချုပ်စက်ယန္တရားများ အကူအညီဖြင့် ၂၀၂၂ ခုနှစ် မေ ၁၃ ရက်မှစတင်ခဲ့ရာ ၂၀၂၃ ခုနှစ် ဧနဝါရီ ၂၉ ရက်တွင် ပြီးစီးခဲ့ကြောင်း၊ ကျောက်စာချပ် စတင်စိုက်ထူမှုကို ၂၀၂၂ ခုနှစ် သြဂုတ် ၁၁ ရက်တွင် စတင်ခဲ့ရာ ၂၀၂၃ ခုနှစ် ဧနဝါရီ ၃၀ ရက်တွင် ပြီးစီးခဲ့ကြောင်း၊ ထူးခြားချက်အနေဖြင့် **စတင်တူးဖော်ချိန်မှ လုပ်ငန်းစဉ် ၈ ရပ် အကောင်အထည်ဖော်ပြီးစီးသည့် အချိန်အထိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် တပ်မတော်သား အင်ဂျင်နီယာများကသာ ဆောင်ရွက်ခဲ့သည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့ရှိရကြောင်း၊ ဆင်းတုတော် ဥာဏ်တော်အမြင့် ၆၃ ပေ၊ ပလ္လင်တော်အမြင့် ၁၈ ပေ စုစုပေါင်း ဥာဏ်တော်အမြင့် ၈၁ ပေနှင့် ဆင်းတုတော်အလေးချိန် ၁၇၈၂ တန်၊ ပလ္လင်တော်အလေးချိန်တန် ၃၅၁၀ စုစုပေါင်း ၅၂၉၂ တန်ရှိသည့် ရတနာပုံခေတ် ဘူမိဖသယပုံစံ ထုဆစ်ထားတော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင် မဂ်လာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြီးမားသော ရည်ရွယ်ချက်ကောင်းများဖြင့် ကမ္ဘာ့ဗုဒ္ဓသာသနာ့စာကြည့်တိုက်အဖြစ် ကျောက်စာရုံစေတီများ ထီးတော်တင်လှူနိုင်ရေးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးခဲ့သည့် သာသနိကအဆောက်အအုံများ ရေစက်ချကုသိုလ်တော် မဂ်လာအခမ်းအနားများ နိုင်ငံတော်အဆင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီ ကိုးခု ဖွဲ့စည်းပေးခဲ့ကြောင်း၊ အခမ်းအနားကျင်းပမည့်ရက် အချိန်နီးကပ်သည့်အတွက် ဆပ်ကော်မတီများ၏ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိမှုများ၊ ဗဟိုကော်မတီမှ ပံ့ပိုးပေးရန်လိုအပ်မှု၊ ဆပ်ကော်မတီအလိုက် ဧာတ်တိုက်လေ့ကျင့်မှုများကို နေ့၊ ည အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။ **စာမျက်နှာ ၄ သို့ »»**

**ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် ၄၅ ဝါပတ်လုံး ဟောကြားဆိုဆုံးမတော်မူခဲ့သည့် ဝိနည်း၊ အဘိဓမ္မာနှင့် သုတ္တန် ဒေသနာတော်များ ကမ္ဘာတည်သရွေ့မပျက်စီးဘဲ ကမ္ဘာ့ဗုဒ္ဓ သာသနာ့ ဗုဒ္ဓစာကြည့်တိုက်ကြီးအဖြစ် တည်ရှိနေစေရေးအကျိုးငှာ မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး မျက်နှာတော်မူရာ အရပ်မျက်နှာ၌ ဝိနည်းကျောက်စာရုံ စေတီ ၉၆ ဆူ၊ အဘိဓမ္မာကျောက်စာရုံ စေတီ ၂၁၆ ဆူ၊ အဘိဓမ္မာကျောက်စာရုံ စေတီ ၂၁၆ ဆူနှင့် သုတ္တန်ကျောက်စာရုံ စေတီ ၄၀၈ ဆူ စုစုပေါင်း ကျောက်စာရုံ စေတီ ၇၂၀ ကို တစ်ဆူလျှင် ကျောက်စာချပ် နှစ်ချပ်၊ ကျောက်စာ တစ်ချပ်တွင် ပါဠိဘာသာ တစ်ဖက်၊ ရိုမန်ဘာသာတစ်ဖက် ရေးထိုးထားပြီး ၂၀၂၂ ခုနှစ် မတ် ၁၆ ရက်မှ ဇွန် ၃၀ ရက်တွင် တည်ဆောက်ခဲ့ကြောင်း၊ ကျောက်စာ တစ်ချပ်တွင် ပါဠိဘာသာ ရိုမန်ဘာသာ ကိုယ်ကိုယ်ဦးစီးလျက် လုပ်ငန်းတာဝန်ရှိသူ အဆင့်ဆင့်တို့၏ စနစ်တကျစီမံဆောင်ရွက်မှုအပေါ် ရှင်းလင်းပေးခဲ့ရာ တက်ရောက်လာသည့် ဧည့်ပရိသတ်များကလည်း ရှင်းလင်းပေးမှုအပေါ် အာရုံပြု၍ ကြည်ညိုသဒ္ဓါတရား ထက်သန်မှုများ အရှိန်အဟုန်မြင့်တက်လျက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်တကွ ဗုဒ္ဓ ဥယျာဉ်တော် တစ်ခုလုံးအတွက် ဘဝနောင်ရေး ကုသိုလ်ယူစိတ်တို့ဖြင့် ပါဝင်လှုဒါန်းမှုပြုကြရာ ပထမအကြိမ်နှင့် ဒုတိယအကြိမ် လှုဒါန်းမှု အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၁၆ ဘီလီယံကျော် ဖြစ်ပါကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်အတူ ဗုဒ္ဓဥယျာဉ်တော် အတွင်းရှိ သာသနိကအဆောက်အအုံများ ဗုဒ္ဓါဘိသေက အနေကဇာတင် လှူခြင်းနှင့် ရေစက်သွန်းချ အမျှပေးဝေမှု မတိုင်မီ လှူဒါန်းရသော အလှူသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပေါ်ပေါက်လာရေးအတွက် ကနဦး လှူဒါန်းကြရသည့် ထူထောင်ကြသူ (Founder)များ ဖြစ်လာကြတော့မည် ဖြစ်ကြောင်း၊ မကြာမီ ကျင်းပသွားမည့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းနှင့် ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်း ရေစက်ချမဂ်လာ အခမ်းအနား ဆောင်ရွက်ပြီးနောက်မှ ကြည်ညိုသဒ္ဓါပွားများစိတ်ဖြင့် လှူဒါန်းမှုကုသိုလ်များမှာ ကုသိုလ်ဆက် အလှူရှင်အဖြစ်သာ ကုသိုလ်ကံအကျိုးတရား ခံစားကြရမည်ဖြစ်ကြောင်းကိုလည်း ခွဲခြား၍ အသိပေးလိုပါကြောင်း။

ရှင်းလင်းပြသပေးမည်

ဆက်လက်ပြီး မြတ်ဗုဒ္ဓ၏ ဘာသာ၊ သာသနာအကျိုးငှာ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများအဖြစ် ရက်ရောစွာ လှူဒါန်းမှုပြုခဲ့ကြ၍ နိုင်ငံတော်အစိုးရ အဆက်ဆက်မှ ဂုဏ်ပြုချီးမြှင့်ခဲ့သည့် ဘာသာရေးနှင့် သာသနာရေးဆိုင်ရာ သာသနာနုဂ္ဂဟ ဘဏ္ဍာတံဆိပ်ရရှိသူများ အနက်မှ ပထမအကြိမ်ရှင်းလင်းပွဲ၌ မပါရှိသူများကိုလည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကမ္ဘာ့ဗုဒ္ဓသာသနာ့စာကြည့်တိုက်အဖြစ် တည်ရှိနေမည့် ကျောက်စာရုံစေတီများ အပါအဝင် ဗုဒ္ဓဥယျာဉ်အတွင်းရှိသာသနိကအဆောက်အအုံများ ဖြစ်ပေါ်လာမှု အဆင့်ဆင့်တို့ကို ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် တွေ့မြင်ခွင့်နှင့် ကြည်ညိုသဒ္ဓါပွားများ နိုင်စေရေးအလို့ငှာ နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက် (တနင်္ဂနွေနေ့)တွင် တတိယအကြိမ် ရှင်းလင်းပြသပေးမည် ဖြစ်ကြောင်းကိုလည်း သတင်းကောင်း ပြောကြားလိုပါကြောင်း။

ထို့ကြောင့် ဆင်းတုတော် ဥာဏ်တော်အမြင့် ၆၃ ပေ၊ ပလ္လင်တော်အမြင့် ၁၈ ပေ စုစုပေါင်း ဥာဏ်တော်အမြင့် ၈၁ ပေနှင့် ဆင်းတုတော်အလေးချိန် ၁၇၈၂ တန်၊ ပလ္လင်တော်အလေးချိန်တန် ၃၅၁၀ စုစုပေါင်း ၅၂၉၂ တန်ရှိသည့် ရတနာပုံခေတ် ဘူမိဖသယပုံစံ ထုဆစ်ထားတော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင် မဂ်လာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြီးမားသော ရည်ရွယ်ချက်ကောင်းများဖြင့် ကမ္ဘာ့ဗုဒ္ဓသာသနာ့စာကြည့်တိုက်အဖြစ် ကျောက်စာရုံစေတီများ ထီးတော်တင်လှူနိုင်ရေးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးခဲ့သည့် သာသနိကအဆောက်အအုံများ ရေစက်ချကုသိုလ်တော် မဂ်လာအခမ်းအနားများ နိုင်ငံတော်အဆင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီ ကိုးခု ဖွဲ့စည်းပေးခဲ့ကြောင်း၊ အခမ်းအနားကျင်းပမည့်ရက် အချိန်နီးကပ်သည့်အတွက် ဆပ်ကော်မတီများ၏ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိမှုများ၊ ဗဟိုကော်မတီမှ ပံ့ပိုးပေးရန်လိုအပ်မှု၊ ဆပ်ကော်မတီအလိုက် ဧာတ်တိုက်လေ့ကျင့်မှုများကို နေ့၊ ည အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။ **စာမျက်နှာ ၄ သို့ »»**

☆ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနား ကျင်းပပြီးနောက်ပိုင်း ၂၀၂၃ ခုနှစ် သြဂုတ် ၁၆ ရက်အထိ ဘုရားဖူးပြည်သူများ အားလုံးကို မင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မည်သူမဆို လုံခြုံရေးအရ စစ်ဆေးမှုခံယူပြီး အခမ့ဝင်ရောက်ဖူးမြော်ကြည်ညိုခွင့်ပြုမည်

»»» **စာမျက်နှာ ၃ မှ**

မင်္ဂလာအခမ်းအနား ကျင်းပရာတွင် ပြည်ပနိုင်ငံများမှ ကြွရောက်တော်မူလာကြမည့် ဆရာတော်ကြီးများ၊ ပြည်တွင်းထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သံဃာတော်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများ၊ အလှူရှင်များအပါအဝင် အခမ်းအနားသို့ ကြွရောက်လာကြမည့် သံဃာတော်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအခမ်းအနား စတင်ကျင်းပချိန်မှ ပြီးဆုံးချိန်အထိ အခမ်းအနားများအလိုက် စိတ်နှလုံး ရှင်လန်းအေးချမ်းစွာဖြင့် ကုသိုလ်ပွားများနိုင်ရန်အတွက် လျှပ်ဒါန်းရမှု၏ ပီတိသောမနဿစိတ်ဖြင့် အာရုံပြုနိုင်ရေး ဆပ်ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို အသေးစိတ်စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီ မဟုတ်သော်လည်း မိမိတို့အတွေ့အကြုံအရ လိုအပ်ချက်နှင့် အကြံပြုချက်များရှိပါက ပါဝင်ဖြည့်စွက်ဆွေးနွေးအကြံပြုစေလိုကြောင်း၊ အရေးကြီးဆုံးအချက်မှာ မင်္ဂလာအခမ်းအနားများ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပသည့် ညီနှိုင်းအစည်းအဝေးတွင် မိမိတို့ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိမှုနှင့် လိုအပ်ချက်များကို ပွင့်လင်းစွာ ဆွေးနွေးကြစေလိုကြောင်း၊ အခမ်းအနားများ မကျင်းပမီ၊ အခမ်းအနားကျင်းပနေစဉ်နှင့် အခမ်းအနား ကျင်းပပြီးဆုံးသည့်ကာလ အထိ လုံခြုံရေးကဏ္ဍကို ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ သုံးသပ်ရှုမြင်၍ စနစ်တကျစီမံ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနား ကျင်းပပြီးနောက်ပိုင်း ၂၀၂၃ ခုနှစ် သြဂုတ် ၁၆ ရက်အထိ ဘုရားဖူးပြည်သူများ အားလုံးကို မင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်းအထိမ်းအမှတ် အဖြစ် မည်သူမဆို လုံခြုံရေးအရ စစ်ဆေးမှုခံယူပြီး အခမ့ဝင်ရောက်ဖူးမြော်ကြည်ညိုခွင့်ပြုမည်ဖြစ်ကြောင်းနှင့် အဆိုပါနေ့ရက်နောက်ပိုင်းတွင်မူ နိုင်ငံတကာ ထုံးတမ်းအစဉ်အလာများနှင့်အညီ သတ်မှတ်အခကြေးငွေဖြင့် ဖူးမြော်ကြည်ညိုလေ့လာခွင့်တို့အား ဆောင်ရွက်နိုင်ရေးကိုလည်း လျာထားအစီအစဉ်များ ရေးဆွဲတင်ပြအတည်ပြုချက်ရယူရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် သာသနာရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင် ဦးသူရက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချ အခမ်းအနား ကျင်းပမည့် အစီအစဉ်များကို လည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်အောင်က သံဃာတော်များ ပင့်ဖိတ်ထားရှိမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဖိတ်ကြားရေးဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ အခမ်းအနားကျင်းပရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုံခြုံရေးဆက်သွယ်ရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ပေါင်းစပ်ညှိနှိုင်းပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၀

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသား ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် UWSP၊ NDAA၊ SSPP အဖွဲ့တို့မှ ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့များကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလေ့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ဗေ၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၃) စဝ်ဆေပိုင်ဖတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမှာစကား ပြောကြား

တွေ့ဆုံ ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တက်ရောက်လာကြသည့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့သုံးဖွဲ့ကိုယ်စား "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌဦးလေ့ယာကုတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ယခင်ဆွေးနွေးပွဲများ၌ သဘောတူထားသည့် အချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စ၊ ငြိမ်းချမ်းရေး ညီလာခံကျင်းပရေးကိစ္စ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများနှင့် EAO များ ဘက်မှ ဆွေးနွေးလိုသည့်အချက်များအား အပြန်အလှန်ဆွေးနွေး ညှိနှိုင်းခဲ့ကြပြီး ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များရယူနိုင်ရန် မူကြမ်းများကို ဆွေးနွေး ညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။

လက်မှတ်ရေးထိုးမည်

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နှစ်ဖက်တူညီသည့်သဘောထားများကိုသဘောတူညီချက်များအဖြစ် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

တိုက်ကြီးမြို့နယ်၌ အာဇာနည်နေ့အထိမ်းအမှတ် ခရိုင်အဆင့်ပြိုင်ပွဲဝင် ဆုရသူများအား ဆုချီးမြှင့်

တိုက်ကြီး ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ခရိုင်အဆင့် ပြိုင်ပွဲဝင်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ခရိုင်ပညာရေးမှူးရုံး ပညာရတနာခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦးက ဂုဏ်ပြုဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ခရိုင်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း နှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူ ၁၆ ဦးအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးကြကြောင်း သိရသည်။

မြင့်ဦး

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇူလိုင် ၂၀

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် ဗိုဗီနမ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှူထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသာဌေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ ဓားမြှောင်ပါအပြပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦး အမျိုးသားသုံးဦး လက်နက်ပါအပြပြိုင်ပွဲနှင့် ဗိုလ်လုပွဲစဉ်များဖြစ်သည့် အမျိုးသမီး ၆၅ ကီလိုပြိုင်ပွဲနှင့် အမျိုးသား ၅၅ ကီလိုပြိုင်ပွဲများကို ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်နုမြေနှင့် ဒေါက်တာဝါဝါမောင်တို့က အမျိုးသား(၅၅)ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး(၅၅)ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ထို့နောက်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသိန်းဇ၊ ဦးမြင့်ကြည်၊ ဒေါက်တာချာလီသန်းနှင့် ဦးကိုကိုလှိုင်တို့က အမျိုးသား(၆၀)ကီလိုပြိုင်ပွဲ၊ အမျိုးသမီး(၆၀)ကီလို ပြိုင်ပွဲ၊ အမျိုးသား(၆၅)ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး(၆၅)ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဌေးက အမျိုးသားလက်သိုင်းအပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော်၊ ဦးရွှေကြိမ်း၊ ခွန်စံလွင်နှင့် ဒေါက်တာကျော်ထွန်းတို့က အမျိုးသမီး လက်သိုင်းအပြပြိုင်ပွဲ၊ အမျိုးသမီး တစ်ကိုယ်တော်ဓားတစ်လက်ပြိုင်ပွဲ၊ အမျိုးသားတစ်ကိုယ်တော် တုတ်ရှည်ပြိုင်ပွဲနှင့် အမျိုးသမီး နှစ်ယောက်တွဲ ဓားတစ်လက် အတိုက်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာအောင်ကျော်မင်း၊ ဦးမောင်ကိုနှင့် ဒေါက်တာမှူထန်တို့က အမျိုးသား နှစ်ယောက်တွဲ ဓားရှည်လက်နက်မဲ့ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ ဓားမြှောင်ပါအပြပြိုင်ပွဲနှင့် အမျိုးသမီးတစ်ဦး အမျိုးသားသုံးဦး လက်နက်ပါအပြပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ပိုးရယ်အောင်သိန်းက အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ကျော်ဇင်မောင်နှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ ချင်းပြည်နယ်မှ အိအိမွန်တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဆုဖလား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ခွဲဘူက အမျိုးသား တံခွန်စိုက်ဆုဖလား ရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ အမျိုးသမီး တံခွန်စိုက်ဆုဖလား ရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် စုပေါင်း တံခွန်စိုက်ဆုဖလား ရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့အား တံခွန်စိုက်ဆုဖလား ပေးအပ်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း အားကစားသမား စုစုပေါင်း ၂၂၁ ဦးတို့ဖြင့် ဇူလိုင် ၁၇ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး လှိုင်းဘွဲမြို့မဈေးသစ်ကြီးအား ဖွင့်လှစ်

ဘားအံ ဇူလိုင် ၂၀

လှိုင်းဘွဲမြို့မဈေးသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက လှိုင်းဘွဲမြို့ (ဃ)ရပ်ကွက် ကုန်သည်လမ်းရှိ အဆိုပါဈေးတည်နေရာ၌ ကျင်းပသည်။

ဈေးသစ်ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများက ဈေးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လှိုင်းဘွဲမြို့မဈေးသစ်ဆိုင်းဘုတ်နှင့် ကမ္ဘည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တက်ရောက်လာသူများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဈေးသစ်ဖွင့်ပွဲသို့တက်ရောက်လာသော ဘင်ခရာ၊ ပန်းဖွားအဖွဲ့နှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး သူရမြင့်သူက ဈေးဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်များ လက်ရောက်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လှိုင်းဘွဲမြို့မဈေးသစ်ကြီးအတွင်း ဈေးသူ၊ ဈေးသားများ၏ ဒေသထွက်ကုန်များ၊ သားငါး၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ နိုင်ငံရေးပါတီ (၇) ပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးသိန်းစိုးသည် မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သော ပဲခူးတိုင်းဒေသကြီး နယ်မြေအခြေစိုက် ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၊ ရန်ကုန်တိုင်းဒေသကြီးနယ်မြေ အခြေစိုက် ပြည်သူ့အလုပ်သမားပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)၊ ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)၊ ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်နှင့် ဧရာဝတီတိုင်းဒေသကြီးနယ်မြေအခြေစိုက် ကရင်ပြည်သူ့ပါတီ (KPP) တို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့လွှတ်တော်အဆောက်အအုံရှိ ပုလဲခန်းမ၌ တွေ့ဆုံ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ဆေးသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ အနေဖြင့် ထုတ်ပြန်ထားရှိသော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်၊ ဥပဒေအရ သတ်မှတ်ထားသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း စုစည်းရမည့်ပါတီဝင်အင်အား ပြည့်မီအောင် စုဆောင်းရေးနှင့် ရက်ပေါင်း ၁၈၀ အတွင်း ဖွင့်လှစ်ရမည့် နိုင်ငံရေးပါတီများ၏ မြို့နယ်ပါတီရုံးများ ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်လှစ်ရာတွင်လည်း သက် ဆိုင်ရာ အ ထွေ ထွေ အုပ် ချုပ် ရေး ဦး စီး ဌာ နမြို့နယ်စည်ပင်သာယာရေးဌာနတို့မှ ခွင့်ပြုချက်တောင်းခံဆောင်ရွက်ရန်၊ မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများကို မြို့နယ်ရုံးများ ဖွင့်လှစ်ပြီးပါက မြို့နယ်ပါတီရုံးဖွဲ့စည်းမှုများကို စနစ်တကျ ဖွဲ့စည်းပုံနှင့် တာဝန်ပေးထားရန်၊ မြို့နယ်ပါတီရုံးများဖွင့်လှစ်ပြီးပါက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စာရင်းစစ်ဌာနတို့မှ ပူးပေါင်းပြီး စစ်ဆေးရန်ရှိသဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ ပါတီအလံနှင့် ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန်၊ ပါတီ၏ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားချက်နှင့်အညီ ရေးဆွဲဆောင်ရွက်သွားရန်၊ ပါတီဝင်များကိုင်ဆောင်ထားသည့် သုံးခေါက်ချိုးအမျိုးသားမှတ်ပုံတင်ကတ်ပြားများကို နိုင်ငံသားစိစစ်ရေးကတ်များနှင့် အစားထိုးလဲလှယ်နိုင်ရေးနှင့် အချက်အလက်မှားယွင်းကွဲလွဲမှုများရှိက သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန်၊ စည်းရုံးရေးကာလအတွင်း ပြည်သူများ အနှောင့်အယှက်မဖြစ်စေရေး သတိပြု အလေးထားဆောင်ရွက်သွားကြရန်၊ လာမည့်ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးသွားမည်ဖြစ်၍ မိမိပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခံရရန် အခွင့်အလမ်း ပိုမိုရရှိလာနိုင်သည်ဖြစ်၍ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများအဖြစ် ပြင်ဆင်တည်ဆောက်ထားကြရန်၊ ရွေးကောက်ပွဲပွင့်လင်းမြင်သာမှုရှိရေးအတွက် မဲစာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ဆောင်ရွက် ခွင့်ပြုသွားမည်ဖြစ်၍ ရွေးကောက်ပွဲ အောင်မြင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လာမည့်ရွေးကောက်ပွဲတွင် EVM (Electronic Voting Machine) စက်ဖြင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပါတီများမှတာဝန်ရှိသူများက ပါတီလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း၊ ဦးအောင်စောဝင်း၊ ဦးစိုးဦး၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေးအောင်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ (၇) ပါတီမှ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ကြည့်ရှုအားပေး

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အလယ်ပိုင်းရပ်ကွက်ရှိ နာရီစင်ကွင်း၌ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်စေးထက်စေးနှန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးသည်။ ထို့ပြင် အခြေခံပညာ မူလတန်း(ခွဲ)ကျောင်း ကျောက်တင်ဆိပ်၌ သွားရောက်၍ ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စပါးစိုက်တောင်သူများကို တွေ့ဆုံ အမှာစကားပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ တောင်သူများအား ယူရီးယားဓာတ်မြေသြဇာများကို ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် အုန်းတောကျေးရွာ ကွင်းအမှတ်(၄၇၇) တောင်သူတစ်ဦး၏ လယ်မြေတွင် ကျင်းပသည့် မိုးစပါး စိုက်ပျိုးရန် ကွင်းသရုပ်ပြပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ရှိ ကျောင်းသား ကျောင်းသူများအား ဆန်နှင့် ဆီများပေးအပ်ပွဲသို့ တက်ရောက်ခဲ့ပြီး ကျောင်းအုပ်ဆရာကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း တတိယနေ့ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၀

တပ်မတော်တွင် တတိယအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှု တတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော် ဆေးရုံကြီး(ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

ခွဲစိတ်ကုသ

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာ ဦးမျိုးမြင့်ဦးနှင့် တူဖြစ်သူ အသည်းအလျှူရှင် မောင်အောင်ခန့်ကျော် တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ထိုသို့ ဆောင်ရွက်ရာတွင် အသည်းအလျှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၄ နာရီခွဲ ခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလျှူရှင်လူနာနှင့်အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော် ဆေးရုံကြီးများမှ တာဝန်ရှိသူများသွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်စာတမ်းရေးဆွဲမှုနှင့်စပ်လျဉ်း၍ အာဆီယံမဏ္ဍိုင်သုံးရပ်ရှိ ဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးနှင့်စပ်လျဉ်း၍ အာဆီယံမဏ္ဍိုင်သုံးရပ်ရှိဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။

အဖွင့်အမှာစကား ပြောကြား

အစည်းအဝေး၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၏ တိုးတက်မှုကို ကျေနပ်အားရကြောင်း ပြောကြားခဲ့ပြီး ဝန်ကြီးဌာနကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍများတွင် ကြုံတွေ့နေရသည့် လက်ရှိစိန်ခေါ်မှုများနှင့် အနာဂတ်စိန်ခေါ်မှုများကို ကြိုတင်မျှော်မှန်းထားရန်နှင့် အနာဂတ်လုပ်ငန်းစဉ်များကို အဆိုပြုဆွေးနွေးကြရန် တိုက်တွန်းခဲ့သည်။ ဆက်လက်၍ အာဆီယံအနာဂတ်မျှော်မှန်းချက်ကို ဆွေးနွေးရာ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အမျိုးသားစီမံကိန်းများနှင့် ကိုက်ညီစွာ ထည့်သွင်းဆွေးနွေးခြင်းဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမှ အမျိုးသားအကျိုးစီးပွားကို ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (HLTF-ACV) မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ နောက်ခံသမိုင်း၊ လုပ်ငန်းစဉ်၊ ဖြစ်ပေါ်တိုးတက်မှု၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး အာဆီယံမျှော်မှန်းချက် ၂၀၄၅ စာတမ်းမူကြမ်းအပေါ် ညှိနှိုင်းဆွေးနွေးမှုအခြေအနေများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် အစည်းအဝေးတက်ရောက်လာသည့် အာဆီယံမဏ္ဍိုင်သုံးရပ်အောက်ရှိ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ စိန်ခေါ်မှုများနှင့် အနာဂတ်မျှော်မှန်းချက်များအား ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးပွဲသို့ ဝန်ကြီးဌာန စုစုပေါင်း ၂၇ ခုမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပေကျင်းမြို့အခြေစိုက် အာဆီယံ-တရုတ်ဗဟိုဌာန အတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၀

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ်ဖြင့် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပေကျင်းမြို့အခြေစိုက် အာဆီယံ-တရုတ်ဗဟိုဌာန၏အတွင်းရေးမှူးချုပ် မစ္စတာရှေကျုံးကျွင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးကို အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရာတွင် အာဆီယံ-တရုတ်ဗဟိုဌာနအနေဖြင့် ဦးစားပေးနယ်ပယ်ခြောက်ခု ဖြစ်သော ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ သတင်းအချက်အလက်နှင့် မီဒီယာကဏ္ဍများ အောက်မှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူး နိုင်ငံအနေဖြင့် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိစဉ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် သမိုင်းမှတ်တိုင်များ၊ အာဆီယံ-တရုတ် ဘက်စုံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် အာဆီယံ-တရုတ် လုပ်ငန်းအစီအစဉ်(၂၀၂၁-၂၀၂၅) နှင့် နောက်ဆက်တွဲအစီအစဉ် အောက်ရှိ နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် အကောင်အထည်ဖော်ရေး၊ အာဆီယံ-တရုတ်ဗဟိုဌာနမှ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် စီမံကိန်းများနှင့် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်း၍ အဓိပ္ပာယ်ပြည့်ဝပြီး နှစ်ဖက်အကျိုးရှိသည့် မိတ်ဖက်ဆက်ဆံရေးအဖြစ် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၀

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဗီနေးကူးမားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မိုခါမုန်တိုင်းဒဏ်သင့် ဒေသများအတွက် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု အကူအညီ လျှုဒါန်းခဲ့မှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အတွက် လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ အကူအညီ ပေးရေး၊ အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သွားနိုင်ရေးနှင့် ဆန်နှင့် ပဲအမျိုးမျိုးကို အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေးတို့အတွက် အလားအလာများ ရှာဖွေသွားရေး၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမ စီမံကိန်း အကောင်အထည်ဖော်နေမှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co.,Ltd. မှ တင်သွင်းလာသော MG, MG4 (Mulan) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၀ စီးနှင့် Earth Renewable Energy Co.,Ltd. မှ တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်အစီး ၃၀ စုစုပေါင်း လျှပ်စစ်သုံးမော်တော်ယာဉ် အစီး ၄၀ သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ **သတင်းစဉ်**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

ပြည်ထောင်စုဝန်ကြီး ဦးကိုကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး အထက်ပစ္စယံရင်ပြင်ပေါ်ရှိပတ္တမြားမျက်ရှင် ဘုရားအား ပန်းရေချမ်းဆက်ကပ်ပူဇော် ဖူးမြော်ကြည်ညိုကာ စေတီတော်ရင်ပြင်ပေါ်ရှိ တောင်ဘက်စောင်းတန်း ပြင်ဆင်မွမ်းမံနေမှုနှင့် ရွှေတိဂုံစေတီတော် ဗုဒ္ဓပြတိုက်တို့ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့များနှင့် တွေ့ဆုံပြီး ဘုရားဖူးလာပြည်သူများနှင့် နိုင်ငံခြားဧည့်သည်များ စိတ်ချမ်းသာစွာ ဖူးမြော်နိုင်ရေး ဆောင်ရွက်ကြရန်နှင့် အဆင့်မြင့် ယဉ်ကျေးမှု သင်တန်းများ ပို့ချသင်ကြားမှု၊ လုံခြုံရေး၊ ပြတိုက်၊ စာကြည့်တိုက်၊ ဈေးဆိုင်ခန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရွှေတိဂုံစေတီတော် ပိဋ္ဌကတ်တိုက်သို့ ရောက်ရှိပြီး ရှေးဟောင်းပေစာများ၊ ပုရပိုက်များကို ကြည့်ရှုစစ်ဆေးကာ စနစ်တကျ ရေရှည်ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရေး လမ်းညွှန်မှာကြားခဲ့သည်။

သတင်းစဉ်

မွေးမြူရေးထွက်ကုန်အခြေခံ စားသောက်ကုန်ချောထုတ်လုပ်မှုတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာရေး အားပေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေမြို့မွေးမြူရေးဇုန်နှင့် ကံကြီးမွေးမြူရေးဇုန်မှ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မွေးမြူရေးလုပ်ပိုင်ခွင့်ပြုထားသည့် ယူနစ်ဧရိယာအလိုက် မွေးမြူရမည့် တိရစ္ဆာန်ကောင်ရေ ပမာဏအပြည့် မွေးမြူလုပ်ကိုင်နိုင်ရေး၊ မွေးမြူရေးဇုန်အတွင်း မြေယာအသုံးချမှု မှန်ကန်စေရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆွေးနွေးသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီနယ်မြေ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူက မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေမှု အခြေအနေများကိုလည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြေယာအသုံးပြုခွင့်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဆိုင်ရာ တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းရှင်များအသင်း (နေပြည်တော်ကောင်စီနယ်မြေ)ဥက္ကဋ္ဌနှင့် မွေးမြူရေးလုပ်ငန်းရှင်များက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အတည်ပြုသတ်မှတ်ထားသည့် မြေအသုံးချလုပ်ပိုင်ခွင့် ပြုထားသော ဧရိယာအလိုက် စီမံချက်ပါ တိရစ္ဆာန်အမျိုးအစား ကောင်ရေပြည့်မီစွာ မွေးမြူရန်နှင့် မွေးမြူခြင်းမရှိဘဲ မြေယာလုပ်ပိုင်ခွင့် ရယူထားခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည့် အခြေအနေများ၊ မွေးမြူရေးလုပ်ငန်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့် အညီလုပ်ကိုင်ရန် လိုအပ်ချက်များ၊ မွေးမြူရေးဇုန်အတွင်း ပြည်တွင်းလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆောင်ရွက်ရာတွင် လိုအပ်သော နည်းပညာနှင့် အကူအညီများကို ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းများ ပိုမိုအောင်မြင်တိုးတက်ရေး ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

တပ်ကုန်းမြို့နယ် ရွှေမြို့မွေးမြူရေးဇုန်နှင့် ကံကြီးမွေးမြူရေးဇုန်တို့တွင် မွေးမြူရေးကုမ္ပဏီများ၊ မွေးမြူရေးတောင်သူများက နို့စားနွား၊ ဒေသနွား၊ ဆိတ်နှင့် ဝက်များကို မွေးမြူလုပ်ကိုင်လျက်ရှိပြီး ဒေသ၏ အသားစားသုံးမှုအတွက်သာမက တိုင်းဒေသကြီး၊ ပြည်နယ်များသို့လည်း အသားနှင့် နို့ထွက်ပစ္စည်းများ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ တိရစ္ဆာန်မွေးမြူသည်မှ ကုန်ချောထုတ်လုပ်ခြင်း တင်ပို့ခြင်းလုပ်ငန်းများအထိ ပါဝင်သော ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ နေပြည်တော်ကောင်စီနယ်မြေ၏ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မွေးမြူရေးထွက်ကုန်အခြေခံ စားသောက်ကုန်ချော ထုတ်လုပ်မှုတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

လက်ဖက်စိုက်ပျိုးရေးနှင့် အနာဂတ်အလားအလာ အလုပ်ရုံဆွေးနွေးပွဲအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

လက်ဖက် စိုက်ပျိုးရေးနှင့် အနာဂတ်အလားအလာ အလုပ်ရုံဆွေးနွေးပွဲကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အွန်လိုင်းမှတစ်ဆင့် မြန်မာနိုင်ငံ လက်ဖက်အသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က လက်ဖက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်လုပ်မှုကွင်းဆက် ဖွံ့ဖြိုးရေး လမ်းပြမြေပုံရေးဆွဲကာ အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်မှ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများကို အားပေးကူညီခြင်းဖြင့် နိုင်ငံစီးပွားရေး အရှိန်အဟုန်နှင့် ဖွံ့ဖြိုးလာရေး ဆောင်ရွက်လျက်ရှိရာ အချိန်အခါအသင့်ဖြစ်ပါကြောင်း၊ လက်ဖက် စိုက်ပျိုးထုတ်လုပ်မှု၊ ပြုပြင်ထုတ်လုပ်ရောင်းချနေမှု၊ အရည်အသွေးထိန်းသိမ်းရေးနှင့် နည်းပညာပံ့ပိုးမှုတွင် ဌာနနှင့် ပုဂ္ဂလိက လက်ဖက်ပညာရှင်များ ပူးပေါင်း၍ မြန်မာ့လက်ဖက်တန်ဖိုး ကွင်းဆက်မြှင့်တင်ရေးအတွက် အသေးစိတ်အစီအစဉ်များကို ဆွေးနွေးအဖြေရှာရန် လိုအပ်လျက်ရှိကြောင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်စေရန်နှင့် တန်ဖိုးမြင့်လက်ဖက်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ် ဖြန့်ဖြူးနိုင်ရေးအတွက် နည်းပညာပိုင်း၊ မူဝါဒပိုင်း၊ နည်းဗျူဟာပိုင်းများ အားကောင်းလာစေရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကများ၊ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှု၊ တင်သွင်းမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဌာနအလိုက် တာဝန်ရှိသူများနှင့် ပုဂ္ဂလိကအဖွဲ့စည်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြသည်။

မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုးမှု ကွင်းဆက်တစ်လျှောက်လုံးတွင် ခေတ်အဆက်ဆက်၏ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေနှင့် လက်ရှိလက်ဖက်စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ခြုံငုံသုံးသပ်ဆွေးနွေးပြီး အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်အဖြေရှာ၍ အစိုးရ၊ ပုဂ္ဂလိကနှင့် လက်ဖက်စိုက်ပျိုးသူ တောင်သူများ၏ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို သိရှိနိုင်ရန်နှင့် မြန်မာ့လက်ဖက်တန်ဖိုး ကွင်းဆက်မြှင့်တင်ရေး လမ်းပြမြေပုံရေးဆွဲနိုင်ရေးအတွက် လက်ဖက်စိုက်ပျိုးရေးနှင့် အနာဂတ် အလားအလာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပုသိမ်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြ

ပုသိမ် ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဘုရားကြီးကုန်းကျေးရွာရှိ တောင်သူဦးမိုးနိုင်ဝင်း၏ လယ်မြေတွင် ပြုလုပ်သည်။

အဆိုပါ သရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၁) စက်မှုလယ်ယာစခန်း(ပုသိမ်မြို့)မှ ခြောက်တန်းသွား ကူဘိုတာ ကောက်စိုက်စက် နှစ်စီးဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြခဲ့ရာ ခရိုင်စိုက်တိုးမြှင့်အဖွဲ့နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင် ဌာနဆိုင်ရာများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြန်မာရေးရာလေ့လာရေးအဖွဲ့၏ (၇)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာရေးရာလေ့လာရေးအဖွဲ့၏ (၇)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ ညနေ ၆နာရီတွင် ရန်ကုန်မြို့ Sky Star ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာရေးရာ လေ့လာရေးအဖွဲ့ဝင်များ ၊ ပြင်ပပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသည့် မြန်မာရေးရာအဖွဲ့က ထုတ်ဝေသောစာအုပ်စာစောင်များကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။ ထို့နောက် မြန်မာရေးရာလေ့လာရေးအဖွဲ့၏ နိုင်ငံ့အရေး စုဝေးပေါင်းစပ် သုံးသပ်လေ့လာ မြန်မာရေးရာ ဗီဒီယိုကလစ်နှင့် စုပေါင်းမှုအင်အား၏ ရလဒ်ဗီဒီယိုကလစ်တို့ကို ပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး က ဂုဏ်ပြုအမှာစကား ပြောကြားရာ၌ **ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြန်မာရေးရာ လေ့လာရေးအဖွဲ့ကို ၂၀၁၆ ခုနှစ် ဇွန် ၁၅ ရက်မှစပြီး ဖွဲ့စည်းကာ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် အကျိုးသက်ရောက်မှုများအပေါ် ရှုထောင့်ပေါင်းစုံမှ သုံးသပ်ပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်မှာ ယခုဆိုလျှင်(၇) နှစ်တိုင်ခဲ့ပြီ ဖြစ်သည့်အတွက် လွန်စွာဝမ်းမြောက်ဂုဏ်ယူမိကြောင်း။**

မြန်မာရေးရာလေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများ၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ဓလေ့၊ ရိုးရာ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ကမ္ဘာတစ်လွှား ဖြစ်ပေါ်လျက်ရှိသည့်၊ ထင်ရှားသော ဖြစ်စဉ်ဖြစ်ရပ်အခြေအနေများ၊ မျက်မှောက်ခေတ် ကမ္ဘာကြီး၏ စိတ်ဝင်စားစရာများကို သိရှိနိုင်ရန်အတွက် မြန်မာရေးရာစာစောင်ကို သုံးလ တစ်ကြိမ်၊ မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံများရှိ ထင်ရှားသည့် ဖြစ်စဉ်၊ ဖြစ်ရပ်များအကြောင်း သိရှိစေရန်အတွက် ကမ္ဘာရေးရာ စာစောင်ကို နှစ်လ တစ်ကြိမ်၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ၏ ဓလေ့၊ ထုံးတမ်း၊ယဉ်ကျေးမှုများအကြောင်း သိရှိနိုင်ရန်အတွက် တိုင်းရင်းသားရေးရာစာစောင်ကို လေးလ တစ်ကြိမ် ထုတ်ဝေလျက်ရှိကြောင်း၊ ယခုအခါ မြန်မာရေးရာစာစောင်၊ ကမ္ဘာရေးရာ စာစောင်နှင့် တိုင်းရင်းသားရေးရာ စာစောင်များတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍများနှင့် ဥပဒေကဏ္ဍများကို အဓိကကဏ္ဍအဖြစ် ဖော်ပြပေးလျက်ရှိပြီး တိုင်းရင်းသားများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုစာပေ၊ အနုပညာကဏ္ဍများကိုလည်း အချိန်အခါအလိုက် ဖော်ပြပေးလျက်ရှိကြောင်း၊ ယခုဆိုလျှင် မြန်မာရေးရာ စာစောင် အမှတ်(၂၃) အထိ၊ ကမ္ဘာရေးရာစာစောင် အမှတ်(၂၀)အထိ၊ တိုင်းရင်းသားရေးရာစာစောင် အမှတ်(၁၁) အထိ ထုတ်ဝေခဲ့ပြီး ဖြစ်ကြောင်း။

မြန်မာရေးရာလေ့လာရေးအဖွဲ့သည် သုတေသနပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ အမြင်များကို စုစည်းပြီး မြန်မာရေးရာ၊ တိုင်းရင်းသားရေးရာနှင့် ကမ္ဘာရေးရာစာစောင်သုံးစောင်ကို မည်သည့်အခက်အခဲများရှိနေပါစေ သတ်မှတ်ထားသည့် လအပိုင်းအခြားအလိုက် ပုံမှန်ထုတ်ဝေပေးနေသည့်အတွက် မြန်မာရေးရာလေ့လာရေးအဖွဲ့ကို ချီးကျူးမှတ်တမ်းတင်ကြောင်း။

ယနေ့ မြန်မာနိုင်ငံတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များပြောပါဆိုလျှင် သုတေသနလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံတချို့နှင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတိုင်းတွင် သုတေသနလုပ်ငန်းကို အလေးထား လုပ်ဆောင်နေကြသည်ကို အားလုံးတွေ့ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ကဏ္ဍအလိုက် သုတေသနလုပ်ငန်းများကို အထူးပြုလုပ်ဆောင်နေကြပြီး မူဝါဒချမှတ်သူများအနေဖြင့် သုတေသနတွေ့ရှိချက် (research-based)များအပေါ် အခြေခံသည့် အကြံပြုချက်များ၊ သုံးသပ်ချက်များကို အလေးထားပြီး မူဝါဒများ ချမှတ်လာကြသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် မြန်မာရေးရာ လေ့လာရေးအဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ရေးရာစာစောင်များကို စာမူ အရည်အသွေးအရရော၊ ပုံနှိပ်အရည်အသွေးအရပါ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ စာအုပ်စာစောင်များကို ငွေကြေးအကျိုးအမြတ်အတွက် ထုတ်ဝေခြင်းမျိုး မဟုတ်ဘဲ အများပြည်သူဗဟုသုတရရှိစေရန်နှင့် သုတေသနပြု ရည်ညွှန်းကိုးကားနိုင်ရန်အတွက် ရည်ရွယ်ထုတ်ဝေနေခြင်းဖြစ်သည်ဟုလည်း ပြောကြားလိုကြောင်း။

၂၀၂၂ ခုနှစ်အတွင်း မြန်မာရေးရာလေ့လာရေးအဖွဲ့ သုတေသနပညာရှင်များဖြစ်သော ဆရာ ကိုကို ဦးစီးကျင်းပခဲ့သည့် " မြန်မာနှင့်အာဆီယံဆက်ဆံရေး အကျိုးအပြစ်" ဆွေးနွေးပွဲ၊ ဆရာ ဦးရန်ကျော် ဦးစီးကျင်းပခဲ့သည့် "လက်ရှိအရွှေ့ကို ဘယ်လို ရွှေ့ကြမလဲ"၊ ဆရာ ဦးမောင်မောင် မြင့်သိန်း ဦးစီးကျင်းပခဲ့သည့် " ရုရှား-ယူကရိန်း ပဋိပက္ခနှင့် ကမ္ဘာ့စီးပွားရေးအပေါ် ရိုက်ခတ်မှုများ" ဆွေးနွေးပွဲများမှ နိုင်ငံတော်အတွက် အမှန်တကယ် ကောင်းမွန်အကျိုးရှိသည့် သုံးသပ်၊ အကြံပြုချက်များ မိမိတို့ရရှိခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက်မြန်မာရေးရာစာစောင်တွင်ရေးသားသည့် စာပေပညာရှင် ဦးကျော်ကျော်လှိုင် (ကျော်ကျော်လှိုင် – Smart) က ဝမ်းမြောက်စကား ပြောကြားသည်။ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ယနေ့ ညနေ ၅ နာရီခွဲက ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် Western Park ၌ ကျင်းပသည့် ၂၀၂၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု ရရှိသည့် ဝေးမနေချင်ဘူး ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ အနုပညာရှင်များကို ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်ခဲ့သည်။

သတင်းစဉ်

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ကျိုက်လတ်မြို့နယ်အတွင်းရှိ ဆန်စက်နှင့် စပါးခွံလောင်စာတောင့်စက်ရုံအား ကြည့်ရှုစစ်ဆေး

ပုသိမ် ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းသည် ယမန်နေ့ညနေပိုင်းက ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်အတွင်းရှိ မျိုးမြတ်မွန်ဆန်စက်နှင့် စပါးခွံလောင်စာတောင့်စက်ရုံအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှင်းလင်းပြသ

ထိုသို့ စစ်ဆေးရာတွင် တာဝန်ရှိသူများက စပါးခွံလောင်စာသုံး Gasifier ဖြင့် စက်ရုံလည်ပတ်မှုအခြေအနေများ၊ စပါးခွံလောင်စာတောင့် ထုတ်လုပ်မှု၊ စျေးကွက်သို့တင်ပို့ရောင်းချမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လေထုညစ်ညမ်းမှုမရှိစေရေးနှင့် စွန့်ပစ်ပစ္စည်းများမှ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စနစ်တကျ ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပန်းတနော်မြို့နယ် ဘုရားချောင်း ကျေးရွာအုပ်စုရှိ Global Earth Agro & Aqua Industry Public Co., Ltd သို့သွားရောက်ခဲ့ပြီး ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက Gasifierများ တပ်ဆင်နေမှုနှင့် Gasifier အဆောက်အအုံ တည်ဆောက်နေမှု၊ ငါးသားဖောက်ခြင်း၊ ငါးမွေးမြူခြင်း၊ ငါးအစာထုတ်လုပ်ခြင်း၊ အေးခဲခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ Biomass လောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းများနှင့် ဆက်စပ်သော လုပ်ငန်းများ၊ စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အား ပေးစက်ရုံများမှ ထွက်ရှိမည့် စွန့်ပစ်ပစ္စည်းများမှ ဇီဝမြေဩဇာထုတ်လုပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မိရိုးဖလာမွေးမြူ

ရေး နည်းလမ်းများထက် စနစ်ကျနပြီး ကောင်းမွန်သည့် ခေတ်မီမွေးမြူရေးနည်းလမ်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း မှာကြားခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗီနေး ကူးမားဦးဆောင်သောအဖွဲ့ကို ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက အိန္ဒိယနိုင်ငံမှ ဝန်ကြီးဌာနသို့ ပေးအပ်ထားသည့် ပညာတော်သင်ကိစ္စ၊ မိုခါဆိုင်ကလုန်း မုန်တိုင်းသင့်ဒေသများအား လူသားချင်းစာနာမှုအထောက်အပံ့ပေးမှုကိစ္စ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ လူကုန်ကူးမှုဆိုင်ရာ ကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေး မြန်မာ-အိန္ဒိယ နားလည်မှုစာချွန်လွှာအရ အကောင်အထည်ဖော်နေသည့် စီမံကိန်းများက ရခိုင်ပြည်နယ်ဒေသ စီးပွားရေးအတွက် အထောက်အကူပြုနိုင်မှုများကို တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိုခါ မုန်တိုင်းအတွက် အိန္ဒိယနိုင်ငံမှပေးအပ်ခဲ့သည့် လူသားချင်းစာနာမှုအကူအညီများသည် မုန်တိုင်းသင့် သူများအတွက် များစွာအထောက်အကူဖြစ်ခဲ့ပါကြောင်း၊ AHA Centre ၏ ERAT Team ကိုယ်စားလှယ်များ မုန်တိုင်းသင့် ဒေသများဖြစ်သည့် ရခိုင်ပြည်နယ် စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်းနှင့် ကျောက်တော်မြို့နယ်များသို့သွားရောက်၍ လေ့လာခဲ့မှုအခြေအနေ၊ AHA Centre မှ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခဲ့မှု၊ မုန်တိုင်းသင့်ဒေသများသို့ နိုင်ငံတကာမှ အကူအညီများပေးပို့ရန်အတွက် ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်း ယန္တရားတစ်ရပ် ဖော်ဆောင်ရန်ရှိမှုနှင့် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော မိုင်းအန္တရာယ်အသိပညာပေးရေး၊ မူးယစ်ဆေးဖြတ်ပြီးသူများနှင့် လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူ

နေပြည်တော် ဇူလိုင် ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၃/ ၂၀၂၃) ကျောင်းအခြေပြုသင်တန်းအား ၂၄-၇-၂၀၂၃ ရက်နေ့မှ ၁-၉-၂၀၂၃ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း-၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၃၅၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၁၂၂၅၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉ ၄၅၅၇၈၈၀၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ပုသိမ်မြို့၊ ဖုန်း-၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်
  စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရွာငံ)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့၊ ဖုန်း-၀၉- ၇၈၁၁၁၆၂၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

လူမှုဝန်ထမ်းဦးစီးဌာန

မုံရွာ အထက-၃ တွင် လူငယ်စကားဝိုင်းကျင်းပ

မုံရွာ ဇူလိုင် ၂၀

မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မုံရွာခရိုင်ဦးစီးမှူး ဦးမြင့်နိုင်စိုးက လူငယ်စကားဝိုင်း ကျင်းပဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက် မနှင်းဝတ်ရည်ထွန်း Grade-11 က "လူငယ်နှင့်စာပေ"၊ မောင်မင်းကောင်းခန့် Grade-10 က "လူငယ်နှင့်နည်းပညာ"၊ မသက်မွန်မြင့် Grade-11 က "လူငယ်နှင့် နည်းစာရိတ္တ"၊ မောင်ရှင်းသန့်ကျော် Grade-10 က "လူငယ်နှင့်မူးယစ်ဆေးဝါး" ခေါင်းစဉ်များဖြင့် ဆွေးနွေးပေးခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးခဲ့သည်။

အခမ်းအနားအပြီးတွင် ကျောင်းသား ကျောင်းသူလေးများက မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲတို့ကို စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မိုးနဲမြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဆင်း

မိုးနဲ ဇူလိုင် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အလုပ်ပြင်သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးဝိုပွယ်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိမွန်က ကျေးလက်ဒေသနေ ပြည်သူများအတွက် အလုပ်အကိုင်အခွင့် အလမ်းများရရှိရေး၊ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန်၊ လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်စေရန် ရည်ရွယ်၍ သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာမ၊ သင်တန်းသားထူးချွန်ဆုနှင့် သင်တန်းသားများအတွက် လက်ဆောင်များ ပေးအပ်ခဲ့ကြသည်။ အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ခိုတိဝိုး၊ လွိုင်လင်း၊ ကုန်းကျောင်း၊ ပန်အူ၊ နမ့်မော်ဆွမ့်၊ ဝမ်ယေးကျေးရွာ၊ နားခံ၊ မယ်ဇလီမြိုင်နှင့် ခဲနူတ်ခမ်းကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်ကာ သင်တန်းတွင် မျက်နှာပေါင်းတင်နည်း အမျိုးမျိုး၊ ဖောင်ဒေးရှင်း မိတ်ကပ်လိမ်းနည်း၊ ပေါင်ဒါမျိုးစုံအသုံးပြုနည်း၊ ကာလာစုံ ခြယ်နည်းအမျိုးမျိုး၊ နှုတ်ခမ်းနီပုံဖော်နည်းနှင့် ဆံပင်ပုံစံအလှပြုပြင်နည်းများကို ကျွမ်းကျင် နည်းပြဆရာမနှစ်ဦးက ဇူလိုင် ၅ ရက်မှ ၂၀ ရက်ထိ ၁၆ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေတိုက်ကိုစိုး

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာဖြင့် မိုးစပါး စိုက်ပျိုးသရုပ်ပြပွဲ တက်ရောက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများ ရောက်ရှိမှု ကြည့်ရှုစစ်ဆေး

စစ်တွေ ဇူလိုင် ၂၀

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ် ပျားလယ်ချောင်းကျေးရွာ၌ ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုး သရုပ်ပြပွဲကို တက်ရောက်ကြည့်ရှုအားပေးပြီး စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ရောက်ရှိနေမှုနှင့် ဖြန့်ခွဲနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့နယ် ပျားလယ်ချောင်းကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြပွဲကို တက်ရောက်ကြရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စစ်တွေမြို့နယ်အတွင်း မိုးစပါးထွန်ယက်စိုက်ပျိုးပြီးစီးနေမှုအခြေအနေများနှင့် ဆက်လက်စိုက်ပျိုးနေမှု အခြေအနေများ၊ မိုခါမုန်တိုင်းသင့်ဒေသများသို့ မျိုးစပါးများ ဖြန့်ဖြူးထားရှိမှုအခြေအနေများ၊ စိုက်ပျိုးနည်းစနစ်အလိုက် တစ်ဧကကုန်ကျစရိတ်နှင့် အကျိုးအမြတ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဦးစီးမှူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှု၊ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးနေမှုတို့ကို တက်ရောက်လာကြသော တောင်သူများနှင့်အတူ ကြည့်ရှုအားပေးကြပြီး တောင်သူများနှင့် တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က မိုခါမုန်တိုင်းသင့် တောင်သူများအတွက် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးထားမှု၊ လယ်ထွန်စက်များဖြင့် ထွန်ယက်ပေးနေမှုနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာများ၏ စိုက်ပျိုးနိုင်မှုအခြေအနေ၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန် ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ ပျိုးထောင်ရက်အလိုက် ပျိုးပင်များ ကြီးထွားဖြစ်ထွန်းနေမှုတို့ကို တောင်သူများနှင့် အတူ ကြည့်ရှုလေ့လာကြရာ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က ရှင်းလင်းပြသကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက တောင်သူများအား စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်ပြီး MV- WERU PACK KHA နှင့် ပြည်တော်အေး(၃) သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား စက်ယန္တရားအင်အားများ အသုံးပြုကာ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးရန်စီစဉ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး (**အပေါ်ပုံ**) လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲက ယခင်အခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ အဓိကအားဖြင့် စားရေရိက္ခာဖူလုံရေးသည် အဓိကဖြစ်ကြောင်း၊ အမိုးအကာအောက်ရောက်ရှိရေးနှင့် ပညာသင်ကြားရေး၊ ကျန်းမာရေးနှင့်ပတ်သက်ပြီး လစ်ဟင်းမှုမရှိစေရေး စသည်တို့ကို မှာကြားခဲ့ကြောင်း၊ ထိုသို့ မှာကြားချက်များအပေါ် အကောင်အထည်ဖော်ရန် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများကိုယ်တိုင် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိခြင်းကြောင့် အချိန်တိုအတွင်းမှာပင် ပြည်နယ်၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင်လည်း ဒုတိယဝန်ကြီးများကိုယ်တိုင် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသကဲ့သို့ မြို့နယ်အလိုက်လည်း တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရာ နေရာဒေသတွင် ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည်ပြည်သူ့ကို အလုပ်အကျွေးပြုရမည့် သူများဖြစ်သည့်အတွက် နေ့စဉ်လုပ်ဆောင်နေသော လုပ်ငန်းများသည် ပြည်သူ့ကိုအကျိုးပြုသည့်လုပ်ငန်းများ ဖြစ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသအတွက် အကျိုးရှိအောင် လုပ်ဆောင်နေကြသူများဖြစ်သည့်အတွက် စေတနာထား လုပ်ဆောင်ပေးကြစေလိုကြောင်း၊ မိမိတို့ပြည်နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ကိုင်နေသော ပြည်နယ်ဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များ၊ ပံ့ပိုးပေးရမည် ကိစ္စရပ်များကို တင်ပြဆွေးနွေးပေးကြစေလိုကြောင်း၊ မိုခါမုန်တိုင်းမတိုက်ခတ်မီကာလက လုပ်ဆောင်ဆဲလုပ်ငန်းများကိုလည်း ယခုအချိန်တွင် အပြီးသတ်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် ပြိုလဲသွားသည့် သစ်ပင်များနေရာတွင် အစားထိုးသစ်ပင်များစိုက်ပျိုးခြင်း၊ ရုံးဌာနပတ်ဝန်းကျင်များ၊ ဝန်ထမ်းအိမ်ရာများတွင် အုန်းပင်များ၊ အရိပ်ရပင်များ၊ လေကာပင်များ စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည်များကို ကူညီပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များကို ဖြန့်ဝေပေးထားကာ ထွန်ယက်စိုက်ပျိုးနေကြပြီဖြစ်သည့်အတွက် စနစ်တကျပျိုးထောင်ခြင်း၊ ကောက်စိုက်ခြင်းနည်းများဖြင့် စိုက်ပျိုးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်၊ ယခင်ထက် အထွက်နှုန်း ကောင်းမွန်ရေးအတွက် သက်ဆိုင်ရာဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများကလည်း မိမိတို့ဌာနအလိုက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ(GRF)မှ မိုခါဆိုင်ကလုန်းမုန်တိုင်းသဘာဝဘေးဒဏ်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် GRF သို့ အပ်နှံခြင်းနှင့် GRF မှ ပြန်လည်တောင်းခံခြင်းလုပ်ငန်းအခြေအနေများကို တင်ပြသည်။ ဆက်လက်၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရုံးဌာနများ ပြန်လည်လည်ပတ်ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ အဆိုပါအစည်းအဝေးခန်းမ၌ သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ဆိုင်ကလုန်း မုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်၌ မိုးစပါး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၀

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရခိုင်ပြည်နယ်တွင် လယ်ယာကုန်ထုတ်လုပ်မှု လျော့ကျမှု မရှိစေရေးနှင့် ဒေသ၏ စားရေရိက္ခာလုံလောက်မှု ရှိစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက မျိုးစပါးနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များကို သက်ဆိုင်ရာဌာနများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ပူးပေါင်း၍ တောင်သူလက်ဝယ် အရောက် ပို့ဆောင်ထောက်ပံ့ပေးအပ်ပြီးဖြစ်သည်။

ယင်းသို့ ထောက်ပံ့ရာတွင် ယနေ့အထိ ရခိုင်ပြည်နယ်သို့ ပေါ်ဆန်းရင် ၄၀၀ဖဲ့ တင်း၊ GW-11 တင်း၂၁၅၀၀၊ နံကောက် တင်း၇၈၃၀၊ ကြားပျံတင်း ၄၀၀၀ မျိုးစပါးများရောက်ရှိပြီဖြစ်ကာ တောင်သူများ လက်ဝယ်သို့ စုစုပေါင်းမျိုးစပါး ၇၃၃၉၇ တင်း၊ ဓာတ်မြေသြဇာ ၄၃၁၉၁ အိတ် ဖြန့်ဖြူးပြီးဖြစ်သည်။ စိုက်ပျိုးမြေပြင်ခြင်းလုပ်ငန်းအနေဖြင့် မိုးစပါးစိုက်ပျိုးရန် ဖဲ၀၄၇၈၉ ဧက မြေပြုပြင်ပြီးဖြစ်ကာ ၃ဖဲ၀၈၃ဖဲ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် မိုးစပါး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

အလားတူ အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဟင်းသီးဟင်းရွက်မျိုးစေ့ စုစုပေါင်း အထုပ် ၅၈၅၀၀ ကို တပ်ရင်းတပ်ဖွဲ့များအတွက် အထုပ် ၂၀၀၀၀၊ ဌာနဆိုင်ရာများအတွက် ၁၉၈၅ ထုပ်၊ ဒေသခံပြည်သူများအတွက် ၃ဖဲ၅၁၅ ထုပ် ထောက်ပံ့ဖြန့်ဖြူးခဲ့ပြီးဖြစ်သည်။

ထို့အပြင် သဘာဝဘေးဒဏ်ခံနိုင်သည့် လေကာပင်များအဖြစ် စိုက်ပျိုးနိုင်ပြီး ဒေသနေ ပြည်သူများ ဝင်ငွေတိုး နှစ်ရှည်သီးနှံပင်အဖြစ် စိုက်ပျိုးနိုင်ရန် ယနေ့ထိ အုန်းသီး အလုံး ၄၁၀၀၀ ကျော် စုဆောင်းထားရှိကာ အုန်းပျိုးပင် ၃ဖဲ၀၀၀ကျော် ပျိုးထောင်ထားရှိ၍ ဧက ၇၀ ကျော် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မွန်ပြည်နယ် မုဒုံမြို့ အသောကာရာမ မွန်ပရိယတ္တိစာသင်တိုက်ဆရာတော် အရှင်မဂ်လာဘိဝံသထံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်

နေပြည်တော် ဇူလိုင် ၂၀

မွန်ပြည်နယ် မုဒုံမြို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သာသနာ့ဓမ္မာစရိယ ဝိနယ ပါဠိပါရဂူ အသောကာရာမ မွန်ပရိယတ္တိစာသင်တိုက် ဆရာတော် အရှင်မဂ်လာဘိဝံသအား ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့်အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထား ကြသည်။

ထို့နောက် အရှင်မဂ်လာဘိဝံသက ကျောက်မျက်ရတနာ ၃၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၂၀၀၀)ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်အစိုးရထံသို့ လှူဒါန်းသည့်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆက်ကပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စစ်ကိုင်းတိုင်းဒေသကြီးတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

မုံရွာ ဇူလိုင် ၂၀

စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့တိုင်းဒေသကြီးအနေဖြင့် ဆန်၊ ဆီ၊ ပဲ ဖူလုံလျက်ရှိသော်လည်း ခရိုင်အချို့တွင် ဆန်၊ ဆီဖူလုံမှု အနည်းငယ်လိုအပ်လျက်ရှိသဖြင့် ခရိုင်အလိုက် ဆန်၊ ဆီဖူလုံရေး တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် သား၊ ငါးကဏ္ဍအနေဖြင့် တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက်ရှိပြီးဖြစ်သည့် မွေးမြူရေးဇုန်များတွင် ကြက်သား၊ ကြက်ဥ၊ ဘဲဥများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ရေဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် မိမိတို့ခရိုင်များ၏ မြို့နယ်များအတွင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြို့နယ်များအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ အထွေထွေ ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မန္တလေးတက္ကသိုလ်၌ ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူ

မဟာအောင်မြေ ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ်၌ ဆောင်ရွက်ပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကြိုင်နှင့် ဝန်ထမ်းများက မန္တလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၏ စာရင်းဇယားအချက်အလက်များ မှန်ကန်မှုရှိစေရေး စိစစ်ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်များ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၀

အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ဒုတိယအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးကို ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဗန်ကောက်မြို့၌ ဇူလိုင် ၁၉ ရက်မှ ၂၀ ရက်အထိ Hybrid format ဖြင့် ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များ ဖြစ်ကြသည့် မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေ နိုင်ငံ လူ့အခွင့်အရေးကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး အင်ဒိုနီးရှား နိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ၂၀၂၃ ခုနှစ် မတ်လက ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနောက်ပိုင်း ကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ် (SEANF)၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ်(၅)ရပ် အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ်တစ်ခုစီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်(AICHR) နှင့် SEANF တို့ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် "ASEAN Dialogue in Realizing Southeast Asia as a Torture-Free Region" ကျင်းပနိုင်ရေးကိစ္စရပ်များ၊ ၂၀၂၄ ခုနှစ်တွင် အာဆီယံဒေသတွင်း စီးပွားရေးနှင့်လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် AICHR-SEANF ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရေးကိစ္စရပ်များ၊ ASEAN Environmental Rights Framework ရေးဆွဲနိုင်ရေး ကိစ္စရပ်များ၊ World Justice Project (WJP) နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ SEANF ၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

လုပ်ငန်းအဖွဲ့အစည်းအဝေး၌ ၂၀၂၃ ခုနှစ် မတ်လက ကျင်းပခဲ့သော ဖိုရမ်၏ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး နောက်ပိုင်းကာလ အတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများကို ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ဆွေးနွေးသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆)ပါ ဦးစားပေးကိစ္စရပ် အမှတ်(၂) ဖြစ်သည့် "စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေးမြှင့်တင်ရန်နှင့် ကာကွယ်ရန်" ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးသည်။

ဖိုရမ်၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသွားရန် လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ကနဦး သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဂျပန်နှင့် အိန္ဒိယနှစ်နိုင်ငံ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ပူးပေါင်းထုတ်လုပ်မည်

နယူးဒေလီ ဇူလိုင် ၂၀

ဂျပန်အစိုးရသည် တစ်ပိုင်းလျှပ်ကူးပစ္စည်း ထောက်ပံ့ထုတ်လုပ်ရေးလုပ်ငန်းစဉ်များ ခိုင်မာမှုရှိစေရန် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ ပြောကြားသည်။

ယင်းသို့ ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးဆိုရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အသေးစိတ်အချက်အလက်များကို ဂျပန်စက်မှုလက်မှုဝန်ကြီး နီရှီမူရာ ယာဆူတိုရှိက နယူးဒေလီမြို့တော်၌ ကျင်းပပြုလုပ်သည့် အခမ်းအနားတစ်ခု၌ ပြောကြားခဲ့သည်။

တိုးမြှင့်ဆောင်ရွက်သွားမည်

ထို့ပြင် နှစ်နိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဖလှယ်ရေး အစီအစဉ်များကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အိန္ဒိယနိုင်ငံ၌ ကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ် များစွာရှိပြီး ဂျပန်နိုင်ငံ၌ အဆင့်မြင့်ကုန်ထုတ်စက်ကိရိယာများရှိသည့်အတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံ အကျိုးစီးပွားကို ဖြစ်ထွန်းနိုင်ကြောင်း ဝန်ကြီး နီရှီမူရာ ယာဆူတိုရှိက ဆိုသည်။

နှစ်နိုင်ငံအစိုးရက တစ်ပိုင်းလျှပ်ကူးပစ္စည်းကို အခြေခံထုတ်လုပ်ရေးပစ္စည်းအဖြစ် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်မှုလုပ်ငန်းစဉ်မှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – အင်နှိုင်းအိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

ယခုနှစ်ပထမနှစ်ဝက်အတွင်း ပြည်ပခရီးသည် သုံးသန်းကျော် ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်ခဲ့

မနီလာ ဇူလိုင် ၂၀

ယခုနှစ်ပထမနှစ်ဝက်အတွင်း ပြည်ပခရီးသည် သုံးသန်းကျော် ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်ခဲ့ကြောင်း ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်း ခရီးသွားလုပ်ငန်းပြန်လည်ဦးမော့လာသည်ကို တွေ့ရှိရကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ခရစ်စတီးနား ဂါဆီယာဖရက်စကိုက ပြောသည်။

ယခုနှစ်ပထမခြောက်လအတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံရရှိခဲ့ပြီး ယင်းပမာဏသည် ယမန်နှစ်အလားတူကာလကရရှိသည့် ဝင်ငွေထက် ငါးဆပိုမိုများပြားကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

နိုင်ငံအတွင်း တောင်ကိုရီးယားမှ ခရီးသည်အများဆုံးဝင်ရောက်ခဲ့ပြီး အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်နှင့် ကနေဒါနိုင်ငံများမှ ခရီးသည်များလည်း ဝင်ရောက်ခဲ့သည်။ ခရီးသွားလုပ်ငန်းသည် ဖိလစ်ပိုင်နိုင်ငံသားသန်းပေါင်းများစွာကို အလုပ်အကိုင်များ ရရှိစေခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုသည်။ ဖိလစ်ပိုင်နိုင်ငံသို့ ယမန်နှစ်တွင် နိုင်ငံခြားသားခရီးသွားဧည့်သည် ၂ ဒသမ ၆၅ သန်းကျော် လာရောက်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၈၄ ဘီလီယံရရှိကာ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၆ ဒသမ ၂ ရာခိုင်နှုန်းကို ပံ့ပိုးပေးခဲ့သည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့၌ ပစ်ခတ်မှုဖြစ်ပွား

အော့ကလန် ဇူလိုင် ၂၀

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင် ယနေ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အမျိုးသမီးပွဲစဉ်မစတင်မီ နာရီပိုင်းအလိုတွင် ပစ်ခတ်မှုဖြစ်ပွားရာ သေနတ်သမားအပါအဝင် သုံးဦးသေဆုံးကြောင်း သိရသည်။

အဆိုပါပစ်ခတ်မှုသည် ဘောလုံးပွဲကျင်းပရာ အားကစားရုံနှင့် လေးကီလိုမီတာကွာဝေးသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင် တစ်ခုတွင် ယနေ့နံနက် ၇ နာရီခွဲ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်တွင် ခြောက်ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

ယနေ့တွင် ဘောလုံးပွဲ အဖွင့်ပွဲစဉ်အဖြစ် နယူးဇီလန်နှင့် နော်ဝေအသင်းတို့ ကစားခဲ့ကြသည်။

ယင်းဘောလုံးပြိုင်ပွဲတွင် နယူးဇီလန်အသင်းက နော်ဝေအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထိုသို့ပစ်ခတ်မှုကြောင့် အမျိုးသားလုံခြုံရေးကို မထိခိုက်နိုင်သဖြင့် ဘောလုံးပွဲစဉ်များကို အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် နယူးဇီလန်နိုင်ငံသားများနှင့် ပြည်ပခရီးသည်များ၏ လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ခရစ်ဟစ်ကင်က ထပ်လောင်းပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ အင်နှိုင်းအိတ်ချ်ကေ
ဘာသာပြန် – စိုးသူရ

ယခုနှစ်ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုပမာဏ မြင့်တက်

ပေကျင်း ဇူလိုင် ၂၀

တရုတ်နိုင်ငံ၏ အစိမ်းရောင်ကဏ္ဍပြောင်းလဲရေးကြိုးပမ်းမှုအဖြစ် ယခုနှစ်ပထမနှစ်ဝက်အတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုပမာဏ မြင့်တက်လာကြောင်း အမျိုးသားစွမ်းအင်အုပ်ချုပ်ရေးအဖွဲ့က ပြောသည်။

ဇွန်လကုန်တွင် နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်သုံးစွဲမှုသည် ၁ ဒသမ ၃၂ဘီလီယံ ကီလိုဝပ်အထိရောက်ရှိခဲ့ပြီး ယင်းပမာဏသည် ယမန်နှစ်အလားတူကာလကထက် ၁၈ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

လေစွမ်းအင်မှ လျှပ်စစ်ထုတ်ယူနိုင်မှုပမာဏသည် ကီလိုဝပ်နာရီသန်းပေါင်း ၃၉၀ အထိ မြင့်တက်လာခဲ့ပြီး ဆိုလာစနစ်မှ လျှပ်စစ်ထုတ်ယူနိုင်မှုပမာဏသည် ကီလိုဝပ်နာရီသန်းပေါင်း ၄၇၀အထိ ရှိခဲ့သည်။

တရုတ်နိုင်ငံသည် နိုင်ငံအတွင်း အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုမြင့်တင်ခြင်းအဖြစ် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

ဂျပန်နိုင်ငံ၌ အပူဒဏ်ခံစားရမှုကြောင့် ဆေးရုံတက်ရောက်ကုသသူဦးရေ မြင့်တက်လာ

တိုကျို ဇူလိုင် ၂၀

ဂျပန်နိုင်ငံ၌ အပူလှိုင်းဖြတ်မှုကြောင့် အပတ်စဉ် အပူဒဏ်ခံစားရမှုကြောင့် ဆေးရုံတက်ရောက်ကုသသူဦးရေသည် ယခင်အပတ်ကထက် နှစ်ဆတိုးလာကြောင်း ဂျပန်နိုင်ငံ မီးသတ်နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအေဂျင်စီက ယနေ့ ပြောကြားသည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ပြည်သူ ၈၁၈၉ ဦးသည် အပူဒဏ်ခံစားရမှုကြောင့် ဆေးရုံတက်ရောက်ပြီး ဆေးကုသမှုခံယူခဲ့ရကြောင်း အေဂျင်စီက ပြောသည်။ အဆိုပါအရေအတွက်သည် ယခင်အပတ်ထက် နှစ်ဆတိုးလာရုံသာမက မနှစ်က အလားတူကာလထက်လည်း နှစ်ဆတိုးလာကြောင်း သိရသည်။

ယခုရက်သတ္တပတ်အတွင်း ဂျပန်နိုင်ငံရှိ နေရာအများအပြားတွင် နေ့ဘက်အပူချိန် ၃၉ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လျက်ရှိပြီး လူသုံးဦး သေဆုံးခဲ့သည်။

အပူလျှပ်ခြင်းခံစားရသူဦးရေ ၄၄၈၄ ဦးရှိသည့် အနက် ထက်ဝက်ကျော်သည် အသက် ၆၅ နှစ်နှင့် အထက် ပြည်သူများဖြစ်ကြောင်း သိရသည်။

မြို့တော်တိုကျို၌ အပူလျှပ်ခြင်းခံစားရသူဦးရေ ၁၀၆၆ ဦးရှိပြီး စီရင်စုများအနက် အများဆုံးဖြစ်သည်။

အပူလျှပ်ခြင်းခံစားရသူများအနက် ၃၂၁၅ ဦးသည် နေအိမ်အတွင်း ခံစားခဲ့ရပြီး ၁၄၄၅ ဦးသည် လမ်းမများပေါ်တွင် ခံစားခဲ့ရကြောင်း သိရသည်။

လာမည့်သီတင်းပတ်များအတွင်း နိုင်ငံတစ်ဝန်းရှိ နေရာအများအပြားတွင် အပူချိန်များ ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း မိုးလေဝသအေဂျင်စီက ပြောသည်။ လေအေးပေးစက်များ အသုံးပြုရန်၊ ရေဓာတ်ပြည့်ဝမှုရှိစေရန်နှင့် နေအိမ်ပြင်ပတွင် အလုပ်လုပ်ကိုင်ပါက အနားယူကြရန် တာဝန်ရှိသူများက တိုက်တွန်းပြောကြားသည်။

ကိုးကား – အင်နှိုင်းအိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

လားရှိုးမြို့၌ ငွေကျပ်သိန်း ၂၉၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၉ သိန်း သိမ်းဆည်းရမိ

ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ငွေကျပ်သိန်း ၂၉၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၉ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက် ည ၉ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၂) ရပ်ကွက်တွင် စိုင်းလီ(ခ)ဆိုင်းလီ မောင်းနှင်ပြီး ဂန်ဖန်(ခ)မာဘာရန် လိုက်ပါလာသည့် Wish ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၂၉၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၉ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ည ၁၀ နာရီတွင် လားရှိုးမြို့ အမှတ်(၂)ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ မဆိုင်းခေါန်နှင့် မမာခေါန်တို့နှစ်ဦးကို ဆိုင်ကယ်တစ်စီး၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသော မြန်မာငွေကျပ် ၃၆၅ သိန်းတို့နှင့်အတူ ဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့လေးဦးကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

တာချီလိတ်နှင့် နောင်ချိုမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

စိုင်းသန်းထွေးလေးနှင့် ကျော်ဇေယျ (ခ)ရွှေကူးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၀

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၉ ရက် နံနက် ၁၁ နာရီခွဲတွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဖန်မင်ကျေးရွာရှိ ချိုင်းလုံ ၄ားရမ်းနေထိုင်သည့် နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၈၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့နံနက် ၈ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် စိုင်းသန်းထွေးလေး မောင်းနှင်ပြီး ကျော်ဇေယျ(ခ)ရွှေကူး လိုက်ပါလာသည့် Landcruiser Parado ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀၀ ၊ မြန်မာငွေကျပ် သုံးသိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက်မှ ဇူလိုင် ၁၆ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၂၃ ဒသမ ၀၂၁၄ တန်၊ သစ်မာ ၁၈ ဒသမ ၁၉၀၆ တန်၊ အခြား ၃၇ ဒသမ ၅၀၄၂ တန် စုစုပေါင်း ၁၇၈ ဒသမ ၇၁၆၂ တန်၊ ယာဉ်/ ယန္တရား ၁၂ စီး၊ တရားခံ ၁၇ ဦး သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ပြည့်တန်ဆာအဖြစ် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၂၀

ပြည့်တန်ဆာအဖြစ် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နေ မဇူးဇူးအောင်(ခ)ကစ်ကစ်က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နေ မ ----၊ ၂၂/၂၀၂၂ နှစ်ကို "ဝ"ပြည်နယ် မိုင်းပေါက်မြို့တွင် အလုပ်အကိုင် အဆင်ပြေကြောင်း၊ တစ်လလျှင် ငွေကျပ်သိန်း ၂၀ ရရှိမည် ဖြစ်ကြောင်း ပြောဆိုစည်းရုံးကာ ပြည့်တန်ဆာအဖြစ် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ပဲခူးမြို့မရဲစခန်း(ပ) ၃၉၁/၂၀၂၂ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ပဲခူးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၁၈ ရက်တွင် တရားခံ မဇူးဇူးအောင်(ခ) ကစ်ကစ်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကာ လွန်ချမ်းသာ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၇-၂၀၂၃ သောကြာနေ့

MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ပေတ္တာသုတ်၊ ရတနာသုတ် ဟောကြားသုတ်၊အဗ္ဗနုရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ တည်ထားပူဇော်မာရဝိဇယဗုဒ္ဓရုပ်ပွားတော် (အပိုင်း-၁)
- ၀၉:၁၀ ဒေသဝမ်းစာထုလုံ့လရေးမှသည်လူမှုဘဝ ပွဲ့ပြီးရေးဆီ
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ငမ္ဘာ်လင်ခြင်းအိမ်ဝတ်'** (ဇာတ်သိမ်းပိုင်း)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ကဲ့ကြွတ္တမုန့်တိုင်း'** (အပိုင်း-၃၁)
- ၁၅:၂၅ လူငယ်ရေးရာအစီအစဉ် ဆရာတော်နှင့်အတူ ပျိုရုဂၢ်တင့်စေဆိုကရေးတီးအပွေ
- ၁၆:၃၅ ပျိုရုဂၢ်တင့်စေဆိုကရေးတီးအပွေ
- ၁၇:၂၀ သဘာဝအလှတရားများရှိရာဆီသို့ (နေပြည်တော်ငယလို)
- ၁၇:၃၀ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကဏ္ဍာ
- ၁၉:၃၀ တည်ထားပူဇော်မာရဝိဇယဗုဒ္ဓရုပ်ပွားတော် (အပိုင်း-၂)
- ၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း ပိုးလေဝသအခြေအနေ
- ၂၁:၀၀ "LOCAL TALENTS SHOW" (English Songs)တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

mtv

- 07:01 Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
- 07:08 Myanmar Guitarist
- 07:32 Ngapali Beach: Fishing Villages
- 07:41 Myanmar Traditional Thatched Roofs: IN-LEAF
- 08:01 News
- 08:28 The Recycle Art: Tyre
- 08:43 Ecotourism: Along River Chindwin To Khamti
- 09:01 Life In Night .....Art In Life (Ep-2) Part-1
- 09:50 Lines & Wash Painting
- 10:01 News
- 10:27 Topical Topics (No. 6) Promote State Economy & Harmonize Ecosystem

MRTV NRC

- ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀) ချင်း(ချိုး)ပိုရ်ရာ၀တ်စားဆင်ယင်မှုများနှင့် အစီဗွါယ်များ
- မွန် (၀၇:၀၀ မှ ၀၉:၀၀) ငင်းဗယ်ခြစ်မရမ်းပြားချက်
- ရခိုင် (၀၉:၀၀ မှ ၁၁:၀၀) အိပ်မက်ကကြီးကခုန်သူ
- ရှမ်း (၁၁:၀၀ မှ ၁၃:၀၀) ရွှေတြိဂံပြိုင်ပွဲ
- ၀ (၁၃:၀၀ မှ ၁၅:၀၀) "၀"ရိုးရာတူရိယာဆိုင်ရာအခေါ်အဝေါ်များ
- ကချင် (၁၅:၀၀ မှ ၁၇:၀၀) ၁ရ၁ချက်စားကြမယ်
- ကယား (၁၇:၀၀ မှ ၁၉:၀၀) ပညာပန်းနှင့်အလှဆင်
- ၀ကကကရင် (၁၉:၀၀ မှ ၂၀:၀၀) ဝပ်လွင်လှပနေသောဗိုနပ်ငလေးများ
- အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀) သဘာ၀မိကျောင်းများ ပျော်စံရာပိန်းမလှကျွန်း
- အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀) ကျောက်ကပ်ရောဂါအကြောင်း သိကောင်းစရာ
- ချင်း (လိုင်ဒီး) (၂၂:၀၀ မှ ၂၃:၀၀) JH Thang ရဲ့ရင်တွင်းသီချင်း

MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၇:၁၅ ရသစုံစွာဤကမ္ဘာမြေ
- ၁၃:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမုန်ကဏ္ဍ (LIVE)
- ၁၇:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၄၅ တည်ထားပူဇော်မာရဝိဇယဗုဒ္ဓရုပ်ပွားတော် (အပိုင်း-၁)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၂:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- ၀၇:၀၀ အဖွင့်၊ အလံ
- ၀၇:၃၀ ဥပဒေရေးရာအကြောင်းကြားဇာတ်လမ်းတို **'အကျိုးမျက်သီးမှုအကြောင်း သိမှတ်ဈေ ဥပဒေအမှာ'**
- ၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM စကားပိုင်း (MWD)
- ၁၁:၀၀ နိုင်ငံတကာလွှမ်းကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၀)
- ၁၀:၀၀ Economic Review (အပိုင်း-၁၁)

MRTV FARMERS

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နွေတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၀ လက်မှတ်ရိုးသတ်ဆေးသုံးစွဲသူများသင်တန်း မှသည်အစားအစာဘေးကင်းလုံခြုံမှုဆီသို့
- ၀၇:၀၀ ကျေးလက်ကွန်ရက်
- ၀၇:၃၀ ကဏန်းပျောမွေးမြူထုတ်လုပ်ရေး
- ၀၈:၅၀ သရက်စိုက်မျိုးဝင်ငွေတိုး
- ၀၉:၀၀ စာသင်ခန်းမှသည်လယ်တောဆီ (ဇာတ်လမ်းတို)
- ၀၉:၄၀ ညောင်ဦးဒေသမှ အိမ်ပြန်လက်ဆောင်

MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview
- ၀၇:၄၅ အားကစားလောကထဲကသတ္တိအကြောင်း/ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၈:၀၀ ပြန်လည်သံစဉ်ပြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကတ်ဘော အတင်ဘား'**
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၆)နာရီ (၆)ကြိမ်နှုန်း (၅၅)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လျှုဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြန်လည်အလင်းဝင်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီး ဟသံတမြို့နယ်၊ ငပုတောမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးအား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဇော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

အသိပေးထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၂ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဧနီနဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Aye Mi San" အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၅) ရပ်ကွက်နေ အေးမိစံကို ညနေ ၃ နာရီ ၂၀ မိနစ်တွင် ညောင်လေးပင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့ အတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သား ပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာများရရှိ

နေပြည်တော် ဇူလိုင် ၂၀

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အတွင်းသို့ KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၁၉ ရက်တွင် လက်နက်ကြီးများဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ KKO ခွဲထွက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီခွဲတွင် ကော့ကရိတ်မြို့၏ အရှေ့မြောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာမှ မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် ကော့ကရိတ်မြို့ အမှတ် ၇ ရပ်ကွက် ပဒုမ္မာလမ်းတွင် တစ်လုံး၊ အမှတ် ၂ ရပ်ကွက် မြို့တော်ဦးရပ်ကွက်တွင် တစ်လုံးနှင့် ခရိုင်ပြည်သူ့ဆေးရုံရှေ့တွင် တစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး သုံးဦးတို့တွင် လက်နက်ကြီးစ ထိမှန်ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့သည့် နေရာပြပုံ။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအား ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိပြီး ဗုံးသီးများ ကျရောက်ရာ ရပ်ကွက်အတွင်း ပေါက်ကွဲမှုမရှိသေးသည့် ဗုံးသီးများ ကျန်ရှိမှုမရှိစေရေးနှင့် မလိုလားအပ်သော ပေါက်ကွဲမှုများ ကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော လူနေရပ်ကွက်များအတွင်းသို့ အကြောင်းမဲ့အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လိုအပ်သည့်တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကာယဗလမောင်၊ ကာယကြံ့ခိုင်မှုနှင့် ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး ဇူလိုင် ၂၀

၂၀၂၃ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကာယဗလမောင်၊ ကာယကြံ့ခိုင်မှုနှင့် ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၈ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

သွားရောက်ယှဉ်ပြိုင်သွားမည်

ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အထွေထွေကျန်းမာရေးကောင်းမွန်လာစေရန်နှင့် ကာယဗလမောင်နှင့် ကာယအလှမယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ပြည်နယ်အဆင့်ပြိုင်ပွဲပြုလုပ်ပေးရခြင်းဖြစ်ကြောင်း၊ ပြည်နယ်အဆင့်ပြိုင်ပွဲမှ ထူးချွန်သည့် အားကစားသမားများရွေးချယ်ကာ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ကာယအလှမယ်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအား ငွေသားဆုချီးမြှင့်ခြင်း၊ ကာယအလှမယ်ပြိုင်ပွဲတွင် ဆင္ဆမမှ ဒသမဆုရရှိသူများ၊ စတုတ္ထနှင့် ပဉ္စမဆုရရှိသူများ၊ တတိယနှင့် ဒုတိယဆုရရှိသူများကို

ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေးကြပြီး ပထမဆုရရှိသူများကို ဆုတံဆိပ်နှင့်ငွေသားဆုများ၊ သရဖူနှင့်စလွယ်ဆုများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ၏ဇနီးက ချီးမြှင့်ပေးသည်။

ချီးမြှင့်

ထို့နောက် Men Physiqe ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများနှင့် တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများ အား ဆုတံဆိပ်နှင့်ငွေသားဆုများကို ပြည်နယ်ဥပဒေချုပ်ကလည်းကောင်း၊ Women Mode Physique ပြိုင်ပွဲတွင် စတုတ္ထ၊ ပဉ္စမဆုရရှိသူများနှင့် တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ဇနီးနှင့် တိုင်မှူး၏ဇနီးတို့က လည်းကောင်း၊ (၂၁)နှစ်အောက် အမျိုးသား ကာယဗလပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသော အားကစားသမားများနှင့် တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများအား ဆုတံဆိပ်နှင့်ငွေသားဆုများကို ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးက လည်းကောင်း၊ ၆၀ ကီလိုတန်း အမျိုးသား ကာယဗလပြိုင်ပွဲတွင် တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများအား ဆုတံဆိပ်နှင့်ငွေသားဆုများကို ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လည်းကောင်း၊ ၆၅ကီလိုတန်း အမျိုးသား ကာယဗလပြိုင်ပွဲတွင် စတုတ္ထ၊ တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပြည်နယ် လူမှုရေးရာဝန်ကြီးက လည်းကောင်း၊ ၇၀ ကီလိုတန်း အမျိုးသား ကာယဗလပြိုင်ပွဲတွင် တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က လည်းကောင်း၊ ၇၅ကီလိုနှင့်အထက် အမျိုးသားပြိုင်ပွဲတွင် ပဉ္စမ၊ စတုတ္ထ၊ တတိယ၊ ဒုတိယ၊ ပထမဆု ရရှိသူများအား ဆုတံဆိပ်၊ ငွေသားဆုများနှင့် ၂၀၂၃ ခုနှစ် ရှမ်းပြည်နယ် ကာယဗလမောင်ရရှိသူအား ဆုတံဆိပ်၊ စလွယ်နှင့်ငွေသားဆုများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးကလည်းကောင်း ဆုများ ချီးမြှင့်ပေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

သာပေါင်းမြို့နယ်၌ ငါးရစ်ငါးသန်ကာလ တရားမဝင်ငါးဖမ်းဆီးမှုမရှိစေရေး အသိပညာပေးဟောပြော

သာပေါင်း ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးကြပ်၍ သာပေါင်းမြို့နယ် ဘုရားနီကျေးရွာတွင် ငါးရစ်ငါးသန်ကာလ တရားမဝင် ငါးဖမ်းဆီးမှုမရှိစေရေးနှင့် ရေသယံဇာတ၊ ငါးသယံဇာတထိန်းသိမ်း

ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

လက်ကမ်းစာစောင်များဖြန့်ဝေပေး

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးသိန်းနှင့် ဝန်ထမ်းများ၊ ဘုရားနီကျေးရွာမှ ကျောင်းသား ကျောင်းသူများနှင့် ရေလုပ်သားကြီးများ တက်ရောက်ကြပြီး ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးမှူးနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးတို့က ငါးရစ်ငါးသန်ကာလအတွင်း တရားမဝင် ငါးဖမ်းဆီးမှုများ မရှိစေရေးနှင့် ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်နေသည့် ရေသယံဇာတ၊ ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် အသိပညာပေးဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့်ကျောင်းသား ကျောင်းသူများ၊ ရေလုပ်သားများနှင့် အင်းသားကြီးများအား ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ဝေထားသည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အို့များ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ် ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်း ကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၇-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၁၅၀	၂၂၀၀	၂၁၉၅	၂၁၆၀	၂၂၀၀	၂၂၂၀	၂၂၀၅	၂၁၈၅	၂၂၈၀	၂၃၀၀	၂၁၉၀	၂၂၀၀	၂၂၃၅	၂၂၃၅	၂၂၄၀	၂၄၇၀	၂၈၂၀
95 Ron	၂၂၆၅	၂၃၁၅	၂၃၀၀	၂၂၇၅	၂၃၀၀	၂၃၃၅	၂၃၂၀	၂၃၀၀	၂၃၉၅	၂၄၁၅	၂၃၀၅	၂၃၂၀	၂၃၅၀	၂၃၅၀	၂၃၅၅	၂၅၈၅	၂၉၂၀
HSD (500 ppm)	၂၁၃၀	၂၁၈၀	၂၁၇၅	၂၁၄၀	၂၁၇၅	၂၂၀၀	၂၁၉၅	၂၁၆၀	၂၂၈၀	၂၂၇၅	၂၁၇၀	၂၁၈၀	၂၂၁၅	၂၂၁၅	၂၂၂၀	၂၄၄၅	၂၉၂၀
HSD (50 ppm)	၂၂၁၀	၂၂၆၀	၂၂၅၅	၂၂၂၀	၂၂၅၅	၂၂၈၀	၂၂၇၅	၂၂၄၀	၂၃၆၀	၂၃၅၅	၂၂၅၀	၂၂၆၀	၂၂၉၅	၂၂၉၅	၂၃၀၀	၂၅၂၅	၂၉၀၀
HSD (10 ppm)	၂၂၁၀	၂၂၆၀	၂၂၅၅	၂၂၂၀	၂၂၅၅	၂၂၈၀	၂၂၇၅	၂၂၄၀	၂၃၆၀	၂၃၅၅	၂၂၅၀	၂၂၆၀	၂၂၉၅	၂၂၉၅	၂၃၀၀	၂၅၂၅	၂၉၀၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၄၄	၂၁၁၈
95 Ron	၂၁၅၄	၂၂၃၁
HSD (500 ppm)	၂၀၂၆	၂၀၉၆
HSD (50 ppm)	၂၁၀၀	၂၁၇၂
HSD (10 ppm)	၂၁၀၀	၂၁၇၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆۷- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆۷- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၃၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဓာတ်ခွဲနမူနာစုစုပေါင်း ၅၂၈၁ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၂၈၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၇၃,၂၄၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၉၄၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၇၃၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

မီးလောင်မှုအပါအဝင် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ပါက ဆက်သွယ်နိုင်သည့် 191 မိုဘိုင်းလ်အက်ပလီကေးရှင်း

မီးလောင်မှုအပါအဝင် သဘာဝဘေးအန္တရာယ်များ၊ မတော်တဆမှုများနှင့် ရင်ဆိုင်ကြုံတွေ့လျှင် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်သတင်းပေးအကူအညီရယူနိုင်ရန် 191 Application ကို (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့က အများပြည်သူသို့ စတင်မိတ်ဆက်ပေးခဲ့ပြီးဖြစ်သည်။

မိုးယံ



ICT နည်းပညာအသုံးပြု

191 Report Mobile Application သည် ပြည်သူများ နေ့စဉ်ကြုံတွေ့နေရသည့် ဘေးဒုက္ခအန္တရာယ်များကို ခေတ်နှင့်အညီ ICT နည်းပညာအသုံးပြု၍ မီးသတ်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့အကူအညီတောင်းခံနိုင်ရန်၊အကူအညီတောင်းခံလာသည့်သတင်းပေးပို့ချက်များအား မီးသတ်ဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ မီးသတ်ဦးစီးဌာန၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အားကိုးယုံကြည်မှုရရှိနိုင်စေရန်၊ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရာတွင် ICT နည်းပညာဖြင့် အထောက်အကူဖြစ်စေရန် ရည်ရွယ်ရေးဆွဲထားရှိသော Mobile Application တစ်ခုဖြစ်သည်။

အဆိုပါ 191 Report Mobile Application ကို အသုံးပြုနိုင်ရန် ပထမဦးစွာ Google Play Store နှင့် Apple Store တို့မှ Download ပြုလုပ်ကာ မိမိဖုန်းတွင် Install ပြုလုပ်ရမည်ဖြစ်ပြီး အသုံးပြုရန်အတွက် မိမိဖုန်း၏Location နှင့် ဓာတ်ပုံဗီဒီယို ရိုက်ကူးနိုင်ရန် Camera အသုံးပြုခွင့်ပေးရမည်ဖြစ်သည်။

ထို့ပြင် ဘာသာစကားရွေးချယ်ပြီး မိမိဖုန်းနံပါတ် ထည့်သွင်းကာ Verify Code တောင်းခံရမည်ဖြစ်သည်။ ရောက်ရှိလာသည့် Code ကို ဖြည့်သွင်းပြီး အမည်နှင့်မှတ်ပုံတင်ဖြည့်စွက်ကာ အကောင့်ပြုလုပ်ရမည်ဖြစ်သည်။

အကောင့် Registration ပြုလုပ်ပြီးပါက Camera မြင်ကွင်းပေါ်လာမည်ဖြစ်ပြီး မီးဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်များ ကြုံတွေ့လာပါက မြင်ကွင်းကို Camera ဖြင့်ရိုက်ပြီး မြားကို နှိပ်၍ ပေးပို့အကြောင်းကြားကာ အကူအညီတောင်းခံနိုင်မည်ဖြစ်သည်။

(၂၄)နာရီ စောင့်ကြည့်လျက်ရှိ

191 Report Mobile Application မှတစ်ဆင့် ပြည်သူများ သတင်းပေးပို့လာမှုအား မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၊ Command and Control Center က (၂၄) နာရီ စောင့်ကြည့်လျက်ရှိပြီး သတင်းပေးပို့လာပါက ပေးပို့လာသော ဖုန်းနံပါတ်သို့ ပြန်လည်ဆက်သွယ်မေးမြန်းပြီး ဖြစ်စဉ်ဖြစ်ပွားမှုအပေါ် မူတည်၍ အခင်းဖြစ်ပွားရာနေရာနှင့် အနီးဆုံးမီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ်နှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်များ အမြန်ဆုံးစေလွှတ်ကာ အကူအညီပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်နိုင်ရန် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးများတွင် Command and Control Center (ခွဲ) များ တည်ဆောက်ထားရှိပြီး မီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မီးသတ်ဦးစီးမှူးရုံးများတွင်လည်း Command and Control Center များ တိုးချဲ့တည်ဆောက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် 191 Report Mobile Application ကို အများပြည်သူ ပိုမိုသိရှိ အသုံးပြုနိုင်စေရေးအတွက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်းတွင် ဇန်နဝါရီလ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ လက်တွေ့ မိတ်ဆက်ပြသပေးခဲ့ရာ အကောင့်ဖွင့်လှစ် Register ပြုလုပ်သူ အရေအတွက် နှစ်ထောင်ဝန်းကျင်ရှိခဲ့ပြီး ယနေ့အချိန်အထိ 191 Report Mobile Application ကို Register ပြုလုပ်သူ အရေအတွက် တစ်သောင်းရှစ်ထောင်ရှစ်ရာငါးဆယ့်တစ်ဦး ရှိလာခဲ့သည်။

ဆက်သွယ်အကူအညီတောင်းခံရန် မေ့လျော့နေတတ်ကြ

မိမိနှင့် မိမိပတ်ဝန်းကျင်တွင် မီးလောင်မှုအပါအဝင် ယာဉ်မတော်တဆမှု၊ တိုက်ပြိုမှု၊ နေအိမ်များအတွင်းသို့ မြွေဝင်ရောက်မှုအစရှိသည့် ဘေးအန္တရာယ်ဖြစ်ပွားကြုံတွေ့ရမှု ဖြစ်စဉ်များတွင် စိုးရိမ် ထိတ်လန့်နေသည့်အတွက် ဆက်သွယ် အကူအညီတောင်းခံရန် မေ့လျော့နေတတ်ကြသည်။

ယခုကဲ့သို့ မိုဘိုင်းလ်အက်ပလီကေးရှင်းတစ်ခုအဖြစ် ပြည်သူများ လက်ဝယ်တွင်ရှိနေပါက အင်တာနက်ချိတ်ဆက်ကာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မည်သည့်နေရာမှမဆို မီးသတ်ဦးစီးဌာနသို့ လွယ်လင့်တကူ သတင်းပေးပို့ အကူအညီတောင်းခံနိုင်မည်ဖြစ်သည်။ မီးလောင်မှုနှင့် ရှာဖွေကယ်ဆယ်ရေးဖြစ်စဉ်များအား ပြည်သူများက 191 Report Mobile Application ကို အသုံးပြု၍ သတင်းပေးပို့ အကူအညီတောင်းခံသည့် အကြိမ်အရေအတွက် ယနေ့အချိန်အထိ ၆၃ ခုရှိသည်။

မီးသတ်ဦးစီးဌာနအနေဖြင့်လည်း အချိန်နှင့်နေရာကို တိကျစွာသိရှိပြီးဖြစ်သည့်အတွက် မြန်ဆန်ထိရောက်သည့် ကူညီကယ်ဆယ်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဆက်သွယ်အကူအညီတောင်းခံရန် နောက်မကျတော့ဘဲ မီးဘေးကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ ယာဉ်မတော်တဆမှုများကြောင့်ဖြစ်စေ မလိုလားအပ်သော ဆိုးကျိုးများ၊ နစ်နာဆုံးရှုံးမှုများကို တားဆီးပေးနိုင်သည့်အတွက် 191 Report Mobile Application သည် ပြည်သူလူထုအတွက် အကျိုးရှိထိရောက်သဖြင့် သုံးစွဲသင့်သည့် အက်ပလီကေးရှင်းတစ်ခုလည်းဖြစ်သည်။

ထို့ပြင် မီးသတ်ဦးစီးဌာန၏ မီးလောင်မှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်မှုသတင်းများကို ဖတ်ရှုနိုင်ခြင်း၊ တစ်နိုင်ငံလုံးရှိ မီးသတ်စခန်းများ၏ ဖုန်းနံပါတ်များနှင့် လိပ်စာများအား တစ်နေရာတည်းတွင် စုစည်းပေးထားခြင်းတို့ကြောင့်လည်း ယနေ့ခေတ်၌ လူတိုင်း၏ လက်ဝယ်တွင်ရှိနေသည့် မိုဘိုင်းလ်ဖုန်းများတွင် မဖြစ်မနေ ဆောင်ထားသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **"မိမိနှင့် မိမိပတ်ဝန်းကျင်တွင် မီးလောင်မှုအပါအဝင် ယာဉ်မတော်တဆမှု၊ တိုက်ပြိုမှု၊ နေအိမ်များအတွင်းသို့ မြွေဝင်ရောက်မှုအစရှိသည့် ဘေးအန္တရာယ်ဖြစ်ပွားကြုံတွေ့ရမှုဖြစ်စဉ်များတွင် စိုးရိမ်ထိတ်လန့်နေသည့်အတွက် ဆက်သွယ်အကူအညီတောင်းခံရန် မေ့လျော့နေတတ်ကြသည်။ ယခုကဲ့သို့ မိုဘိုင်းလ်အက်ပလီကေးရှင်းတစ်ခုအဖြစ် ပြည်သူများ လက်ဝယ်တွင်ရှိနေပါက အင်တာနက်ချိတ်ဆက်ကာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မည်သည့်နေရာမှမဆို မီးသတ်ဦးစီးဌာနသို့ လွယ်လင့်တကူ သတင်းပေးပို့ အကူအညီတောင်းခံနိုင်မည်"**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်းတွင် 191 Report Mobile Application ကို မိတ်ဆက်ပြသပေးခဲ့ရာ အကောင့်ဖွင့်လှစ် Register ပြုလုပ်သူများကို တွေ့ရစဉ်။

ကုန်သွယ်/စီးပွား

ပြည်ပဲကြီး နှစ်စဉ်ဈေးကောင်းရလျက်ရှိ

ပြည် ဇူလိုင် ၂၀

ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲကြီးသီးနှံအနေဖြင့် မတ်ပဲ၊ ကုလားပဲသီးနှံများနှင့် နှိုင်းယှဉ်လျှင် ဈေးပိုရလျက်ရှိပြီး ပဲလက်ကျန်ရှိမှုအပေါ် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ပြည်ပဲကြီးကို ပဲခွဲစက်သမားများ အဓိကဝယ်ယူကြပြီး ရန်ကုန်ဝယ်လက်လည်းရှိသည့်အတွက် အိတ် ၂၀၀/၃၀၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ပဲကြီးဈေးနှုန်းမှာ ရွှေကျွန်းတစ်တင်းလျှင် ငွေကျပ် ၉၇၀၀၀၊ ကမ်းနားတစ်တင်းလျှင် ငွေကျပ် ၉၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြကြောင်း၊ ပဲကြီးသီးနှံမှာ အခြားပဲများနှင့် နှိုင်းယှဉ်လျှင်နှစ်စဉ်ဈေးကောင်းရသောကြောင့်ယခင်နှစ်က ဇူလိုင်လတွင် တစ်တင်း ငွေကျပ် ၇၅၀၀၀ ဖြင့် ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရလျက်ရှိပြီး ယခုနှစ်မှာလည်း တစ်တင်းကျပ်တစ်သိန်းနီးပါးအထိ ရရှိနေသောကြောင့် လှောင်၍ထားသော ပဲကြီးများကို ပဲလက်ကျန်သမားများ ထုတ် ရောင်းချမှုရှိခဲ့ကြောင်း သိရသည်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တင်ပို့နိုင်မှုအခြေအနေ

မြိတ် ဇူလိုင် ၂၀

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်အတွင်း ငါးမုတ်တစ်တန်လျှင် ၉၀၂ ဒေါ်လာနှုန်းဖြင့် တန် ၅၅၀၊ တန်ဖိုး သုည ဒသမ ၄၉၆ ဒေါ်လာသန်း၊ ငါးမျိုးစုံ တစ်တန်လျှင် ၁၂၀၉ ဒေါ်လာနှုန်းဖြင့် ၇၉ တန် ၊ တန်ဖိုး သုည ဒသမ ၀၉၆ ဒေါ်လာသန်း၊ ကင်းမွန်တစ်တန်လျှင် ဒေါ်လာ ၃၄၁၀ နှုန်းဖြင့် ၅ ဒသမ ၆၉၅ တန်၊ တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၂၀ သန်း၊ ကဏန်းတစ်တန်လျှင် ဒေါ်လာ ၃၈၉၀ နှုန်းဖြင့် ၁ ဒသမ ၂၇၅ တန်၊ တန်ဖိုး သုည ဒသမ ၀၀၅ ဒေါ်လာသန်း၊ ပုစွန်တစ်တန်လျှင် ဒေါ်လာ ၅၅၀၀ နှုန်းဖြင့် ၁ ဒသမ ၉၅၀ တန်၊ တန်ဖိုး သုည ဒသမ ၀၁၁ ဒေါ်လာသန်း စုစုပေါင်းပို့ကုန်တန်ဖိုး သုည ဒသမ ၆၂၈ ဒေါ်လာသန်း၊ ငါးမုတ်အား အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်းရင်းနိုင်ငံ သက်သေခံလက်မှတ် Form D အကျိုးခံစားခွင့် လျှောက်ထားရယူ၍ ထိုင်းနိုင်ငံသို့ကားလမ်းကြောင်းဖြင့် မောတောင်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပရာဂျွတ်ကရီခမ်ခရိုင်သို့ တင်ပို့နိုင်ခဲ့သည်။ မြိတ်ကုန်သွယ်ရေးစခန်းမှ မောတောင်ကုန်သွယ်ရေးစခန်းအထိကုန်တစ်တန်လျှင်ကားခ (ကုန်ကျစ်) ၁၀၀၀၀၀ ရှိကြောင်း သိရှိရပြီး ကုန်သွယ်မှုလမ်းကြောင်းအနေဖြင့် မြိတ်-ထားဝယ်-ရန်ကုန်လမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

❒ ကော့သောင်းမှ

၂၀၂၃ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ၁၈ ရက်အထိ ပို့ကုန်တန်ချိန် ၁၀၈၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅၈ သန်း၊ သွင်းကုန်တန်ချိန်(၁၄၂) (-)U၊ (၈၁၅) BBL၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၆ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈၄ သန်းဖြစ်သည်။

အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ သဲတိုး သုည ဒသမ ၅၈ တန်၊ စက်ဟောက် ၆၂ ဒသမ ၃၄၅ တန်၊ ငါးရွှေ ၄ ဒသမ ၈၈ တန်၊ လူးစီ ၁၂ ဒသမ ၄၈၀ တန်၊ ခွေးလျှာ ၁၇ ဒသမ ၈၆၀ တန်၊ ကျောက်ငါး ၁ ဒသမ ၈၁ တန်၊ ကုလားကုတ် ၁ ဒသမ ၈၆ တန်၊ ငါးပုလွေ ၇၉ ဒသမ ၃၄၅ တန်၊ ပလာလန်း ၂ ဒသမ ၆၄ တန်၊ ဇလွယ် သုည ဒသမ ၄၈ တန်တို့ဖြစ်ကြောင်း သိရသည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ဓာတ်ဆီတန်ချိန် ၅၀၊ ဒီဇယ်ဆီတန်ချိန် ၅၀၊ ကျောက်ချဉ် ၁၈ တန်၊ မီးသွေးမှုန့် ၈၂ တန်၊ ငါးသယ်လှေကုန် တစ်တန်၊ ရေယာဉ်ခကုန်ကျစ် ငွေကျပ် ၂၁၀၀၀ ရှိကြောင်း သိရသည်။

ကော့သောင်းမြို့ ဇူလိုင် ၁၉ ရက် ကျပ်/ဘတ် ငွေလဲနှုန်းနှင့် စက်သုံးဆီဈေးနှုန်း ကော့သောင်းနယ်စပ်ဒေသ၌ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ နှစ်နိုင်ငံ ငွေပေးချေမှုကိစ္စရပ်များကို သက်ဆိုင်ရာ AD Bank များဖြစ်သည့် A Bank၊ MEB၊ KBZ၊ AYA တို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ဇူလိုင် ၁၉ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၁၉ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၈၉ ဒသမ ၄၀ ခန့် ဇူလိုင် ၁၈ ရက်နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၂၀ ကျပ်ခန့် မြင့်တက်လျက်ရှိသည်။ စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၁၂၁၅၊ ဒီဇယ်တစ်ဂါလန်လျှင် ငွေကျပ် ၁၁၇၀၀ ဖြင့် တည်ငြိမ်လျက်ရှိသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

၂၀၂၃ ခုနှစ် ဇူလိုင်လ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂၀

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသံတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် သုံးပေမှ သုံးပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေခွဲမှနှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် နှစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၂-၇-၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၅)၊ အမှတ် (၂၉) တွင် တောင်စောင်းပေါ်မှ ပြုတ်ကျလာသော ဥလေးကိုဖမ်းပြီး ကူညီပေးလိုက်သော ကြွက်ခေါဆဲ့ ဘဝါလေးတို့အကြောင်း တင်ဆက်ထားသည့် "ကူညီတာပါ" မျက်နှာဖုံးကာတွန်း၊ လောဘကြီးသည့် လူဆိုးသည် "ရွှေထုပ်ကြီး" ရှောက်ပေါင်းပြားလုမှုနှင့် အဖမ်းခံလိုက်ရသည့်အကြောင်း တင်ဆက်ထားသည့် "လောဘရဲ့သားကောင်" နှစ်မျက်နှာကာတွန်း၊ သစ်ပင်သစ်တောများ စိမ်းလန်းပြီးရာသီဥတုများ ပြန်လည်မျှတအောင် သစ်ပင်များစိုက်ပျိုးသင့်ကြောင်း တင်ဆက်ထားသည့် "ဖိုးလပြည့်" တစ်မျက်နှာကာတွန်း၊ သူတစ်ပါးအသက်ကို သတ်မိပါကဝရဲကြီးပြီး ဝင့်လည်တတ်ကြောင်း သားဇော်၏ဖခင်က ဆုံးမထားသည့်အကြောင်း တင်ဆက်ထားသည့် "ဝင့်လိုက်မယ်" နှစ်မျက်နှာကာတွန်း၊ အငြိုးအတေးထားမိသည့် ဖိုးချမ်းသည် သူ့အတွက် ယူလာပေးသောအရုပ်ကို သူကိုယ်တိုင် ဖျက်ဆီးမိလိုက်သည့်အကြောင်း တင်ဆက်ထားသည့် "အငြိုးအတေး" နှစ်မျက်နှာကာတွန်း၊ ယောက်ျားလေးနှင့် မိန်းကလေးတို့စကားနိုင်လုကြပုံအကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် ဆရာကို သင်း၏ "အာတူးနဲ့မေလင်းဖြူ" မျက်နှာဝက်ကာတွန်း၊ ကဏ္ဍာစုံလင်စွာ ပါဝင်သည့် အင်္ဂလိပ်စာထူးချွန်စေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန်အတွက် ရွှေသွေးစာစောင်ကို ဖတ်သင့်ကြောင်း ရေးဖွဲ့ထားသည့် "ရွှေသွေးစာစောင်ဖတ်ကြစို့" ကဗျာကဏ္ဍ၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

တွံတေးမြို့နယ်၌ မိုးမခချောင်းအတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်ပေး

တွံတေး ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တွံတေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနက တွံတေးမြို့နယ် မိုးမခချောင်း

အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီခွဲက အဆိုပါချောင်းတွင် ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပေး

ငါးမျိုးစိုက်ထည့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင့်လွင်၊ တွံတေးခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်မောင်ထွန်း၊ တွံတေးငါးလုပ်ငန်းစခန်းတာဝန်ခံဒေါ်မိမိခိုင်နှင့် ဝန်ထမ်းများ၊ တံခွန်တိုင်ကျေးရွာ ဒေသခံပြည်သူများက တွံတေးငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၅၀၀၀၀၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၂၅၀၀၀၀ စုစုပေါင်းသားပေါက်ကောင်ရေ ၅၀၀၀၀၀ အား မိုးမခချောင်းအတွင်းသို့ စုပေါင်း၍ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ ကျောဖုံးမှ

ယခုပွဲအတွက် အကောင်းဆုံးဆုကို အနိုင်ဂိုးနှစ်ဂိုး သွင်းယူခဲ့သည့် မြဝတီတိုက်စစ်မှူး စန်းသော်သော်က ရရှိသည်။ ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို သစ္စာအားမာန်အသင်းတိုက်စစ်မှူး ဂျူလိုင်ကျော်ကရရှိသည်။

ပွဲစဉ်(၃)အပြီးတွင် မြဝတီနှင့် အား/ကာသိပ္ပံအသင်း ကိုးမှတ်စီတူညီနေသော်လည်း ဂိုးကွာခြားချက်အသာဖြင့် မြဝတီအသင်းက ထိပ်ဆုံးတွင် ဦးဆောင်နေသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MWL

ပြင်ဆင်ဖတ်ရှုပါရန်

(၁၄-၇-၂၀၂၃)ရက်နေ့ပါ ကြေးမုံသတင်းစာ စာမျက်နှာ(၃၀) တွင်ပါရှိသော တရားလွတ်တော်ရှေ့နေ ဒေါ်ခင်သူဇာဝင်း ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း၌ ဒေါ်လှဲ့လှဲ့ဝင်း[၁၂/သကတ(နိုင်)၇၁၉၉၀၃]အစား ဒေါ်လှဲ့လှဲ့ဝင်း [၁၂/သကတ(နိုင်)၀၁၉၉၀၃]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ကေတုမာလာ(၁)လမ်း၊ အမှတ်(၅၀/ခ)ဟု ခေါ်တွင်သော (၂၀ပေx၆၀ပေ)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် လွှာချင်း(၆)ထပ်တိုက်၏ ပထမထပ်တိုက်ခန်းနှင့် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်နုင်းယုလှိုင် [၁၂/ဥကမ(နိုင်)၀၁၆၄၇၅] မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လျူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဦးအောင်လင်းကြည် [၇/ပမန(နိုင်)၁၆၉၄၃၃]နှင့် ဒေါ်ကေခိုင်ဦး [၇/သကန(နိုင်)၁၁၂၆၁၄]တို့အား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ် မိတ်ဆွေများမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် ဒေါ်နုင်းယုလှိုင်ထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါ တိုက်ခန်း၏ အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဆုမြတ်အောင် (တရားလွတ်တော်ရှေ့နေ) (စဉ် - ၈၄၅၇)
LL.B, D.B.L,D.I.L, D.IP.L, Dip in Global English PGDCWE,
DL-DIP(101,202,302,317) (Switzerland)
အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
ဖုန်း- ၀၉-၅၀၂၅၅၈၃၊ ၀၉-၉၆၅၀၂၅၅၈၃၊ ၀۹-۹۹۵۵۹۹۹۲۲

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွယ်နွယ်ဦး [၁၀/မဒန(နိုင်)၀၀၉၂၄၆] ကိုင်ဆောင်သူ၏ တရားဝင် လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/မြောက်၊ မြင်တော်သာလမ်းနှင့် ဇင်မလမ်းထောင့်၊ မြေကွက်အမှတ်(၁၆၅)ဟုခေါ်တွင်သော မြေဧရိယာ(အလျား ၄၅ပေx အနံ ၇၅ပေ)ရှိ မြေပိုင်ရှင် ဒေါ်လှထွေး [၁၂/သကတ(နိုင်)၀၉၃၇၈၆]ကိုင်ဆောင်သူပိုင် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အာရိစီ(၄-ခန်းတွဲ) (4½)ထပ် အဆောက်အဦမှ တတိယထပ် (၄-လွှာ)၊ ခေါင်းရင်းဘက(ထောင့်ခန်း) ရေမီးအပြည့်အစုံ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု စကားကမ်းလှမ်းလာသူ ဒေါ်အိအိဖြူ[၉/ခအဇ(နိုင်)၀၀၆၉၂၁] ကိုင်ဆောင်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြု ပြောဆိုချက်အရ အဆိုပါတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ရောင်းချသူ ဒေါ်အိအိဖြူထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်နွယ်နွယ်ဦး
[၁၀/မဒန(နိုင်)၀၀၉၂၄၆]

လွှဲအပ်ညွှန်ကြားချက်များအရ
ဦးအောင်နိုင်စိုး(LL.B)
တရားလွတ်တော်ရှေ့နေ
(စဉ်-၉၈၅၂)(၂၉-၄-၂၀၁၄)

အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊ ၁/ထူပါရုံ
ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
Ph:၀၉-၄၅၅၂၃၄၄၊ ၀၉-၇၉၈၁၉၂၉၉၊ ၀၉-၄၄၃၁၉၃၄၄

ပြင်ဆင်ဖတ်ရှုပါရန်

(၁၃-၇-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၃)ပါ တရားလွတ်တော်ရှေ့နေ ဦးဝင်းမင်းစိုး(စဉ်-၁၂၆၆၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် အမှတ်(၁၃)အစား အမှတ်(ဃ/၁၃)ဟု လည်းကောင်း၊ (နွယ်အေးရပ်ကွက်)အစား (၂-နွယ်အေးရပ်ကွက်)ဟု လည်းကောင်း၊ အကျယ်အဝန်းအား ဧရိယာ(၉၇၂၅ ၁၇.၅)စတုရန်းပေအစား (၅၁၇.၅) စတုရန်းပေဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၂၈)၊ မြေကွက်အမှတ်(၂၅၁/ခ)၊ ဧရိယာ(၀.၀၂၇)ဧက၊ မြေကွက် တည်နေရာအမှတ်(၂၅၁/ခ)၊ စိန်ခြယ်လမ်း၊ (၅/၁)ရပ်ကွက်၊ ရွှေပြည်သာ ဒေါ်ကျင်ဖြိုင် (CG-၀၈၁၁၄၀)၊ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန့်မြေအား ဂရန်မြေအမည်ပေါက် ဒေါ်ကျင်ဖြိုင် (CG-၀၈၁၁၄၀) မိခင်ဖြစ်သူသည် (၃၁-၁၂-၉၆)ရက်နေ့တွင် လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးလှရွှေသည် (၃၁-၁၀-၂၀၀၂)ရက်နေ့တွင် လည်းကောင်း၊ အသီးသီးကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ မိဘနှစ်ပါးတွင် သားသမီးအရင်းအချာအဖြစ် ဦးကျင်ထွေး[၁၂/ဥကတ(နိုင်)၁၅၅၂၁၀] တစ်ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး အခြားသား/သမီးအရင်းအချာ တစ်ဦး တစ်ယောက်မျှမရှိသည့်အပြင် အမွေစား အမွေခံကိတ္တိမသားသမီးအဖြစ် မွေးစားထားခဲ့ခြင်းလည်း တစ်ဦးတစ်ယောက်မျှ မရှိပါ။ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးကျင်ထွေး တစ်ဦးတည်းကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦး တစ်ယောက်မျှမရှိကြောင်း၊ လသာမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ အမှတ်- ၃၄၀၃/၂၀၂၂(၄-၁၀-၂၀၂၂) အသိသက်သေနှစ်ဦး၏ ထပ်ဆင့် ကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စု စာရင်း၊ သေစာရင်း၊ ဂရန်မှရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် ဦးကျင်ထွေး ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၃၃၅၁ (၃-၃-၂၀၂၂) ရှိသူ ဒေါ်ဆင့်ဆင့်လှိုင်[၁၄/ကပန(နိုင်)၁၂၅ ၈၆၀]မှ ကွင်းဆင်းပုံစံ၌ လက်မှတ်ရေးထိုးပါသဖြင့် ကိုယ်စားလှယ်လွှဲစာ၊ အထွေထွေ ကိုယ်စားလှယ်လွှဲစာ လွှဲအပ်သူ သက်ရှိထင်ရှားရှိပြီး ပြန်လည်ရှင်သိမ်းခြင်း မရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်၏ ကျမ်းကျိန်လွှာအမှတ် (၁၆၇၄/၂၀၂၃)၊ (၁၇-၂-၂၀၂)တို့တင်ပြ၍ ပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသည်။ ဤကိစ္စ၌ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၅၄၈၊ ၁၅၀၀စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၅၄၈)၊ စာပယ်(၂)လမ်း၊(၄)ရပ်ကွက်၊ ဒေါ်သန်းကြည်(၁၂/ဥကမ(နိုင်)၀၉၂၅၀၆)အမည်ပေါက်နှစ်(၆၀)ဂရန့်မြေအား မြေအမည်ပေါက်-ဒေါ်သန်းကြည်(မိခင်)သည်(၅-၄-၂၀၀၈)ရက်နေ့တွင် လည်းကောင်း၊ဦးရိန်(ဖခင်)သည်(၃-၅-၂၀၀၇)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့်ဒေါ်လှလှကြိုင်(၁၂/ဥကမ(နိုင်)၀၉၁၇၅၈)(N/OKA-၀၂၂၅၇)မှတရားဝင်အမွေဆက်ခံခွင့်ရှိသည့်တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း၊မိမိမှလွှဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ပါကြောင်းကျမ်းကျိန်လွှာအမှတ်-၁၁၄၄/၂၀၂၃/(၆-၇-၂၀၂၃)ထောက်ခံကျမ်းကျိန်(၂)စောင်၊သေစာရင်းများ၊အိမ်ထောင်စုစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်၊ဂရန့်မှရင်းတို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း၊ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ယုဇနပလာဇာဈေး၊ ပထမထပ်၊ အမှတ် (A11) နေ ဦးမြိုးပြည်ဆွေ (၆/လလန(နိုင်) ဝရ၃ဝ၆၅)သည် အောက်တွင် ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာရွက်စာတမ်းများတင်ရုံးတွင် ပူးတွဲပါစာရွက်အမှတ်များဖြင့် တစ်ဦးတည်းအဖြစ် သုံးစွဲရန် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်-

ASPOR

မှတ်ပုံတင်စာရွက်အမှတ်- ၆၁၀၄/၂၀၂၃

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားမှာ ASPOR တူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအပြစ် ဂုဏ်နှင့်ပတ်သက်သော အပိုပစ္စည်းအမျိုးမျိုးတို့ကို ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပြန်လှိုက်သုံးစွဲသွားမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ပိုက်၍သော်လည်းကောင်း၊ ဆင်တုယိုမှားတုပ၍သော်လည်းကောင်း ပြုလုပ်သုံးစွဲပြီး ကုန်ပစ္စည်းများကို ထုတ်လုပ်ပြန့်ပြိုးရောင်းချသူများသည် တရားမကြောင်းအရပြစ်စေ၊ ပြစ်မှုကြောင်းအရပြစ်စေ၊ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဝါဝါမထွေး (LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ် - ၁၀၇၇၄)

ဒေါ်အယ်နိုဦး (LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၄၄၄၄)

အမှတ် (၅၅/၅) ဒုတိယထပ်၊ မဟာဗန္ဓုလပန်းပြင်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ Ph; - 09-422556486, 09-420361988

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၁)လမ်း၊ အမှတ်(၂၄၇) ခြေရင်းခြမ်း၊ မြေအကျယ်ပေ(၂၀x၆၀)**(ပါမစ်မိတ္တူ)**မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်အုန်း (HZH-131804)အည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသာ ဒေါ်အိရွှေစင်[၁၂/လမန(နိုင်)၀၃၂၆၂၃]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သင်းသင်းဝါ (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)
အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၄၂၃၂၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

